ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 10 January 2017 (၈၈၀၂)

# ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် သဘာဝအလှအပများနှင့် သယံဇာတပေါ်များကြွယ်ဝမှုကို မခံစားနိုင်ဘဲဖြစ်နေ နယ်မြေတည်ငြိမ်အေးချမ်းမှသာ ပြည်နယ်တစ်ခုလုံး ကဏ္ဍအသီးသီး၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်

**(၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်**

**ချစ်ကြည်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ဇန်နဝါရီလ (၁၀)ရက်နေ့မှာ ကျရောက်တဲ့ (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ် အခါသမယမှာ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသား အားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သ အပ်ပါတယ်။

လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့မှာ ကချင်ပြည်နယ်ကောင်စီညီလာခံရဲ့ ပထမဆုံး အစည်းအဝေးကျင်းပခဲ့ပြီး ကချင်ပြည်နယ်ကောင်စီအစည်းအဝေးက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဇန်နဝါရီလ (၁၀)ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"**အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့တာ ဒီနေ့မှာဆိုရင် (၆၉)နှစ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

ကချင်ပြည်နယ်မှာ ခရိုင် (၄)ခရိုင်၊ မြို့နယ် (၁၈)မြို့နယ်၊ မြို့ (၃၀) မြို့ပါဝင်ပြီးတော့ ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး စတဲ့ ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စတဲ့ ရှမ်းမျိုးနွယ်စုနဲ့ ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုအပါအဝင် လူဦးရေစုစုပေါင်း (၁၆)သိန်းကျော်သော တိုင်းရင်းသားလူမျိုးများအတူတကွ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်ဟာ ရွှေ၊ ကျောက်စိမ်းစတဲ့ အဖိုးတန်သယံဇာတတွေ ပေါများကြွယ်ဝသလို အရှေ့တောင်အာရှ ဒေသရဲ့ တစ်ခုတည်းသော နှင်းဖုံးတောင်တန်းတွေရှိပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့◆**

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချိုးကျမျှတအောင် ခွဲဝေပေးလျက်ရှိ ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်အတွက် စီမံခန့်ခွဲသုံးစွဲကြရာတွင် လေလွင့်ယိုဖိတ်မှုမရှိစေရန် သတိပြုဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတိုင်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတည်ငြိမ်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့အတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

အဆိုပါ စိန်ခေါ်မှုများမှာ နိုင်ငံတော်၏ အဓိကရငွေတစ်ခုဖြစ်သည့် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ရငွေသည် ကမ္ဘာ့သဘာဝဓာတ်ငွေ့ ဈေးနှုန်းအခြေအနေကြောင့် ကျဆင်းခြင်း၊ သစ်ထုတ်လုပ်တင်ပို့မှုကို လျှော့ချသည့်အတွက် ရငွေကျဆင်းခြင်း၊ သတ္တုကဏ္ဍလုပ်ကွက်များကို ပြန်လည်စိစစ်ခွင့်ပြုသွားရန် စိစစ်နေခြင်းကြောင့် ရငွေကျဆင်းခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းကဏ္ဍတွင် ပြည်သူများ သက်သာမှုရရှိစေရန် အရှုံးခံ၍ ထုတ်လုပ်ဖြန့်ဖြူးနေရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ကြီးမားစွာရှိနေဆဲဖြစ်ခြင်း၊ ပြည်တွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့❑**



နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၇)အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကြေးမုံ

# ပညာရေးပတ်ဝန်းကျင်ရှင်သန်ဖွံ့ဖြိုးရေး

ပညာရေးသည် လူ့ဘောင်လောကဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက်လည်းကောင်း အရေးပါသောအခြေခံအုတ်မြစ်ဖြစ်သည်။ ထိုအခြေခံအုတ်မြစ်ကို အနာဂတ်လူငယ်လူရွယ်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် တိုင်းပြည်အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုတည်ဆောက်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အဆင့်မြင့်ပညာကဏ္ဍတွင် တစ်ချိန်သောကာလက ပညာရည်နို့သောက်စို့ခဲ့ကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်မြေသည်သာ သူတို့ဘဝ၊ တက္ကသိုလ်မြေသည်သာ သူတို့ အလှဖြစ်ခဲ့ကြသည်။ အမိကျောင်းတော်ကြီးတွင် ကျောင်းတော်သူ၊ ကျောင်းတော်သားများ ပညာသင်ကြား ဆည်းပူးလေ့လာရင်း အချင်းချင်း ချစ်ချစ်ခင်ခင်ဖြင့် မမေ့နိုင်စရာဘဝများကို ဖြတ်သန်းခဲ့ကြရသည်။

တက္ကသိုလ်မြေသည် အနာဂတ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ရာ ကျောင်းတော်ကြီးဖြစ်ခဲ့သည်သာမက မြန်မာ့သမိုင်းကြောင်းတွင် နိုင်ငံရေးမျိုးစေ့တည်ရာ ဘူမိနက်သန်နေရာမှန်လည်းဖြစ်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်ထက်သန်မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် မျိုးချစ်လူငယ်ခေါင်းဆောင်များ ပေါ်ထွက်ရာနေရာမှန်လည်းဖြစ်ခဲ့သည်။

ထိုကဲ့သို့မျိုးစေ့မှန်သော ကျောင်းတော်ကြီးသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ပညာအမွေကောင်းများ ပေးဝေခြင်းသာမက နိုင်ငံရေးအသိများလည်း ဆက်လက်ရှင်သန်နိုးကြားခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ရန်ကုန်တက္ကသိုလ် သမိုင်းတစ်လျှောက်တွင် ကျောင်းသားအရေးကိစ္စများသာမက နိုင်ငံ့အရေးကိစ္စများတွင်ပါ တက္ကသိုလ်ကျောင်းသားများ ပါဝင်လှုပ်ရှားလာကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ထိုစဉ်ကာလက အစိုးရများအနေဖြင့် ကျောင်းသားအရေးကိစ္စများကြောင့် နိုင်ငံနှင့်အစိုးရကို ထိခိုက်စရာအကြောင်းရှိသည်ဟုယူဆကာ ကျောင်းသားလှုပ်ရှားမှုများကို ဖြိုခွင်းခြင်း၊ ကျောင်းသားများစုဝေးခြင်းမပြုနိုင်သည့်သဘောအဖြစ် တက္ကသိုလ်ကျောင်းများကို မြို့ပြင်တွင်ထားရှိခြင်း စသည့်အနေအထားများဖြစ်ပေါ်လာခဲ့သည်။ ထိုအနေအထားများမှာ ထိုကာလက ပညာရေးအစီအမံလွဲမှားမှုများဟုဆိုနိုင်ပြီး အကျိုးရလဒ်အားဖြင့် ကျောင်းသားကျောင်းသူများ ပညာဆည်းပူးရာတွင် လမ်းတွင်အချိန်ကုန်ခြင်း၊ ကျောင်းမပျော်ခြင်း၊ လေလွင့်မှုများရှိခြင်းတို့ဖြစ်စေခဲ့သည်။

ယခုအရပ်သားအစိုးရလက်ထက်တွင် အဆိုပါလွဲမှားခဲ့မှုများကို အတတ်နိုင်ဆုံးပြန်လည်တည့်မတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ရန်ကုန်ပင်မတက္ကသိုလ်ကြီးတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပညာပြန်လည်သင်ကြားနိုင်ရန် စတင်ဆောင်ရွက်ပေးနေပြီး အခြားတက္ကသိုလ်များတွင်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တစုတစည်းတည်း ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများသည် နိုင်ငံ၏အနာဂတ်အတွက် အားထားရမည့်အညွန့်အဖူးများဖြစ်ပြီး ထိုလူငယ်လူရွယ်များ ပညာသင်ကြားရေးတွင် အဆင်ပြေလွယ်ကူချောမွေ့ပြီး ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျောင်းနေပျော်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်အောင် ကျောင်းသား ကျောင်းသူများ အဆင်ပြေရေး ဆောင်ရွက်ပေးမှုများကို ကြိုဆိုရမည်ဖြစ်ပါသည်။ ။






## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာများ ဆွေးနွေး

**သထုံ ဇန်နဝါရီ ၉**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို သထုံမြို့ မြသပိတ်တောင်ခြေရှိ ပရိယတ္တိသာသနာ့ဟိတအသင်း ဓမ္မာရုံနှင့် သုဝဏ္ဏဝတီမြို့ အထက(ကျိုက္ကော်) ရွှေရတုခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ဆရာ ဆရာမ ရှစ်ဦးက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဟောပြောခဲ့ကြသည်။

ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ လကုန်အထိ မွန်ပြည်နယ် ၁၀ မြို့နယ်သို့ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများက လိုက်လံသွားရောက်ကာ အောင်ချက် မြင့်မားရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာမေးပွဲအထောက်အကူပြု ဖြေဆိုနည်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း မြန်မာစာဌာနမှ ကထိက ဆရာမ ဒေါ်နီနီစိုးက ပြောသည်။

**သက်ဦး(သထုံ)**

## အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့သည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး စက်ရုံတည်ဆောက်ထားရှိမှု၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှု၊ စက်ရုံလည်ပတ်နေမှု၊ ကုန်ချောထွက်ရှိမှု၊ ဆက်လက်တည်ဆောက်မည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စက်ရုံတည်ဆောက်မှု Phase တစ်ခုချင်းအလိုက် ရောက်ရှိနေသည့်အဆင့်၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများ၊ ဘဏ္ဍာငွေလိုအပ်မှု၊ နိုင်ငံခြားသုံးငွေ လိုအပ်မှု၊ စက်ပစ္စည်းလိုအပ်မှု၊ တည်ဆောက်ပြီးစီး၍ လည်ပတ်နိုင်သည်အထိ လုပ်ငန်းအဆင့်အလိုက် ပြီးစီးမည့် အချိန်ကာလနှင့် အသေးစိတ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြဆောင်ရွက်ကြစေလိုကြောင်း။

Phase တစ်ခုချင်းအလိုက် စက်ပစ္စည်းရောက်ရှိမှု၊ စက်ပစ္စည်း အစိတ်အပိုင်းများ သိုလှောင်ထားရှိမှု၊ စက်ပစ္စည်းလိုအပ်မှုများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ စက်ရုံလည်ပတ်ရန် ကုန်ကြမ်းလိုအပ်မှု၊ ကုန်ချောထုတ်လုပ်မှု၊ ရောင်းချမှု ဈေးကွက် စသည့် Supply Change တစ်ခုလုံးကို စီစဉ်ဆောင်ရွက်နိုင်ရန် ဌာနတစ်ခုထားရှိဆောင်ရွက်စေလိုကြောင်း။

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးတို့အတွက် HR မန်နေဂျာ ခန့်အပ်ဆောင်ရွက်သင့်ကြောင်း၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားများ ပြင်ဆင်ထိန်းသိမ်းနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်မှုအဖွဲ့များကို လုပ်ငန်းအလိုက် သီးခြားစီဖွဲ့စည်းထားရှိရန်လိုကြောင်း၊ ထုတ်ကုန်တစ်ယူနစ်ချင်းအတွက် ကုန်ကျစရိတ်များ တွက်ချက်၍ ထုတ်လုပ်ရောင်းချနိုင်ရန် Sale and Marketing Manager များကိုလည်း ခန့်အပ်ဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းကို ကျွမ်းကျင်စွာဖြင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးနိုင်ရန် Training Schedule ရေးဆွဲ၍ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပြည်သူများ အားကိုးတန်ဖိုးထားရသော မြန်မာအင်ဂျင်နီယာများ၊ မြန်မာကုန်ထုတ်လုပ်သားများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားကြစေလိုကြောင်း။

ရာထူးအဆင့်အလိုက် ဝန်ထမ်းများနေထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးအတွက် စနစ်တကျ ဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများလုပ်ငန်းခွင်တွင် ရွှင်လန်းတက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန်ကုန်-မြင်းခြံ ကားလမ်းမိုင်တိုင် အမှတ်(၄၅၀/၀)၏ အနောက်ဘက် ၃ ဒသမ ၃ မိုင်ခန့်အကွာ ဆားခါးကျေးရွာအနီးရှိ မြေဧက ၅၇၄ ဒသမ ၂ ဧကပေါ်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)က အီတလီနိုင်ငံမှ Danieli ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁-၁၀-၂၀၁၂ ရက်တွင် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ လွှဲပြောင်းလက်ခံကာ စက်ရုံ၏ Phase 1 မှ Steel Billet (130mm x 130mm x 12 m) နှင့် Steel Slab (90mm x 1200 mm x 9m)များ ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှဲသင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရှင်းလင်းတင်ပြစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှင်းလင်းတင်ပြစဉ်။

**❏ ရွှေ့ဖုံးမှ**

ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များအပြင် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးအခြေအနေနှင့် ကုန်သွယ်မှု မူဝါဒများအပေါ် မူတည်ပြီး မိမိနိုင်ငံ၏ ကုန်သွယ်မှု မူဝါဒများကိုလည်း သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ ပြည်တွင်းငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက် စဉ်ဆက်မပြတ် ဂရုပြုဆောင်ရွက်ရန် လိုအပ်ခြင်း စသည်တို့ဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အဘက်ဘက်မှ လေ့လာသုံးသပ်ပြင်ဆင်ထားကြရန်ကိုလည်း တိုက်တွန်းကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ပြုလုပ်ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတက ဘဏ္ဍာရေးကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းကို ထောက်ခံတင်ပြပေးရန် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးမူဝါဒ (၁၂)ရပ်ကို ချမှတ်ခဲ့ပြီး ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများကို အထောက်အကူပြုစေမည့် အသုံးစရိတ်များကို စနစ်တကျခွဲဝေသုံးစွဲသွားရမည်ဖြစ်ပါကြောင်း၊ သို့သော် ကြွေးမြီဝန်ထုပ်ဝန်ပိုး ကြီးလေးမလာစေရန်နှင့် ကြွေးမြီအတွက် ခံနိုင်ရည်ရှိမှုအနေအထားကို ထိန်းသိမ်းထားနိုင်ရေးအတွက် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရေးကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်လျာထားသုံးစွဲလျက်ရှိပါကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး၊ သစ်တောများ ပြန်လည်ထူထောင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည့် အသုံးစရိတ်များကို ဟန်ချက်ညီအောင် ခွဲဝေသုံးစွဲလျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကိုလည်း တိုးမြှင့်ခွဲဝေပေးခဲ့ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြည့်ဆည်းထောက်ပံ့ပေးရာတွင် အခြားနိုင်ငံများ၌ ကျင့်သုံးနေကြသည့် နည်းစနစ်များကိုလေ့လာပြီး စံနှုန်းသတ်မှတ်ချက်များဖြင့် စနစ်တကျတွက်ချက်၍ အချိုးကျမျှတအောင် ခွဲဝေပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့၏ ရငွေအရင်းအမြစ်များ တိုးတက်များပြားလာရေးနှင့် ပြည်ထောင်စုမှ ဖြည့်ဆည်းထောက်ပံ့ပေးသည့် ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်ရန် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ဘဏ္ဍာငွေ အရ/အသုံးခန့်မှန်းချက်များအတွက် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ကို ရေးဆွဲထားရှိပြီး ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများအတွက် အသုံးစရိတ်မူဘောင်များ သတ်မှတ်ရေးဆွဲသည်ကို တွေ့ရှိရပါကြောင်း၊ အလားတူ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမှုကို မေခရို စီးပွားရေးညွှန်းကိန်းများ အသုံးပြုသတ်မှတ်ပေးကြောင်း သိရှိရပါကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုဌာန အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းချုပ် ရငွေစုစုပေါင်းမှာ ကျပ် ၁၆ ဒသမ ၇၆၈ ထရီလီယံဖြစ်ပြီး သုံးငွေ စုစုပေါင်းမှာ ကျပ် ၂၀ ဒသမ ၈၉၆ ထရီလီယံဖြစ်ပါကြောင်း၊ ထို့ကြောင့် စုစုပေါင်းလိုငွေပမာဏမှာ ကျပ် ၄ ဒသမ ၁၂၈ ထရီလီယံဖြစ်ပါကြောင်း၊ ဂျီဒီပီတန်ဖိုးမှာ ကျပ် ၉၁ ဒသမ ၃၁၉ ထရီလီယံဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၅၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

အထက်ပါသုံးငွေများတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုငွေအတွက် ထောက်ပံ့ပေးသည့် ငွေကျပ် ၁၇၀၇ ဘီလီယံပါဝင်ပြီး ဖြစ်ပါကြောင်း၊ ပြည်ပအကူအညီရငွေ ကျပ် ၆၁၈ ဒသမ ၉၂၆ ဘီလီယံအပြင် ပြည်ပ ချေးယူရငွေ ကျပ် ၁၉၁၇ ဒသမ ၃၁၄ ဘီလီယံ ပါဝင်ပါကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်နှင့် မဖြစ်မနေအရေးပေါ်သုံးစွဲရမည့် ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေ ကျပ် ဘီလီယံ ၁၀၀ ကို ယခင်နှစ်များနည်းတူ ထည့်သွင်းလျာထားပါကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကျပ် ဘီလီယံ ၂၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအတွက် နိုင်ငံတော်မှ ထည့်ဝင်ပေးရန် လျာထားပါကြောင်း၊ ထိုသို့ ထည့်ဝင်ပေးခြင်းကို ယခင်နှစ်မှစ၍ ထည့်ဝင်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါနှစ်တွင် ကျပ် ဘီလီယံ ၂၀ ထည့်ဝင်ပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေအပါအဝင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကိုအခြေပြုရေးဆွဲထားသည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုပေးနိုင်ရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှ အပဖြစ်သော ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ရရှိငွေ၏ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်၏ ၁၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန် ၅ ရာခိုင်နှုန်းတို့ကို ခွဲဝေပေးမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် အခွန်ဝေစုခွဲဝေပေးမှုကို ပိုမိုအချိုးကျမျှတစေရန် နိုင်ငံပိုင်ကဏ္ဍမှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်စသည့် အခွန်များကို ရန်ကုန်၌ ပေးဆောင်သော်လည်း နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်းကိန်း ၆ ခု ဖြင့် တွက်ချက်ပြီး ကျပ် ၂၁၆ ဒသမ ၇၄၉ ဘီလီယံ ခွဲဝေပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် အခွန်ဝေစုရရှိလာသည့်အတိုင်း အသုံးစရိတ်များ ထပ်မံလျာထားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ဥပဒေနှင့်အညီ ယခင်နှစ်လျာထားချက်များအတိုင်း ကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကို ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုမှလည်း ဖြည့်ဆည်းပေးရမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ရငွေတိုးတက်လာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခွန်အခကောက်ခံမှုများ တိုးတက်ရရှိရေးအတွက် စီမံကြိုးကြပ်ကောက်ခံရန် လိုအပ်သကဲ့သို့ အသုံးစရိတ်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲသုံးစွဲကြရန်နှင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထိထိရောက်ရောက်သုံးစွဲနိုင်ရန် ပြောကြားလိုပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရ/အသုံး ခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးကော်မရှင်မှ ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အတည်ပြုထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သည့် ရငွေနှင့် အသုံးစရိတ်များနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ အနေဖြင့် လွှတ်တော်ကော်မတီအသီးသီး၏ စိစစ်မေးမြန်းမှုများကို ခံယူရမှာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ စိစစ်မေးမြန်းမှုနှင့် ဆွေးနွေးသုံးသပ်မှုများကို ခံယူသွားကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသည့်အခါ ရငွေ/သုံးငွေများကို ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ ကောက်ခံရရှိ သုံးစွဲကြရန်ဖြစ်ပါကြောင်း၊ ရငွေနှင့် ပတ်သက်၍ ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ပြီး ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာတွင် သုံးစွဲသည့်တန်ဖိုးနှင့် ရရှိမည့်အကျိုးကို ချင့်ချိန်သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရ/အသုံးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုတို့ဖြင့် အစိုးရဝန်ထမ်းအဆင့်ဆင့်က ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်အတွက် စီမံခန့်ခွဲသုံးစွဲကြရာတွင် မြန်မာကျပ်ငွေဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြစ်စေ လေလွင့်ယိုဖိတ်မှုမရှိစေရန် သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့်မလုံလောက်သည့် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် လိုအပ်ချက်များအတွက် ပြည်ပမှ အကူအညီ အထောက်အပံ့များ၊ ပြည်ပချေးငွေများကို ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU)၏စိစစ်မှုဖြင့် ရယူဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပ ကြွေးမြီများကို ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းမှသာ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်သည် မိမိတို့အစိုးရအဖွဲ့၏ ဒုတိယမြောက်နှစ် ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရ/အသုံးအခြေအနေများကို အခြေခံ၍ နိုင်ငံတော်အတွက် ရငွေများပိုမိုကောက်ခံရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်၊ သုံးစွဲငွေများကို ဥပဒေစည်းမျဉ်းများနှင့် ညီညွတ်ရန် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အချိန်မီသုံးစွဲနိုင်ရန် ဆောင်ရွက်ရမည်၊ လျာထားချက်နှင့် အမှန်အကောင်အထည်ဖော်နိုင်မှုများကို (၃) လပတ်အလိုက် ပြန်လည်စစ်ဆေးပြီး နီးစပ်သည်ထက် နီးစပ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။ **(သတင်းစဉ်)**

### ❖ ၄၈ နာရီအတွင်းမှ

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**စပိန်နိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ စပိန်နိုင်ငံ ဘုရင်မင်းမြတ် ဖီလစ်ပီအာက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် စပိန်အစိုးရအဖွဲ့၊ ပြည်သူတို့နှင့်အတူ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတို့ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

**ယူကရိန်းနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ယူကရိန်းသမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကိုက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ရာတွင် မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုနှင့် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ဆက်ဆံရေးကို ဆက်လက်မြှင့်တင်သွားရန် အသင့်ရှိပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုးသယ်ပိုး ရွက်ဆောင်နိုင်စေရန်လည်းကောင်း၊ မြန်မာပြည်သူတို့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုးတက်အောင်မြင်ရေးတို့အတွက် သယ်ပိုးနိုင်စေရန်လည်းကောင်း ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

**ဆွစ်ဇာလန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆွစ်ဇာလန်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဒေါရစ် (စ်)လုသာတ်(ဒ်)ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပြီး အဆွေတော်၏ နိုင်ငံတော် တိုးတက်ကြွယ်ဝပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ နှစ်နိုင်ငံအကြား ယုံကြည်မှုနှင့် ရင်းနှီးချစ်ကြည်မှုတို့ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မကြာသေးမီက ပထမအကျော့ နိုင်ငံရေးဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပြီး အရှိန်အဟုန်မြှင့်ပြုလုပ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

**ဟန်ဂေရီနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ ယာနော့စ်အာဒါက ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

မြန်မာ့လွတ်လပ်ရေးနေ့တွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဟု ယုံကြည်ပါသည်။ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူများ တိုးတက်အောင်မြင်စေရန် ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ထိုင်းတောင်ပိုင်း၌ ရေလွှမ်းမိုးမှုကြောင့် လူ ၂၁ ဦးသေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၉**

ထိုင်းနိုင်ငံတောင်ပိုင်း ဒေသအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကာ လူ ၂၁ ဦးသေဆုံးခဲ့ရပြီး ဒေသအတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းနှင့် အခြေခံအဆောက်အအုံတို့ ထိခိုက်ခဲ့ရကြောင်း တပ်မတော်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။



ထိုင်းတပ်မတော်အစိုးရသည် ရေဘေးဒုက္ခသင့်ရောက်ခဲ့သော ဒေသများအတွက် အထောက်အပံ့ပေးမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံ၏မိုးရာသီသည် နှစ်စဉ်နိုဝင်ဘာလတွင် ကုန်ဆုံးမြဲဖြစ်သော်လည်း ယခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပွားသည့် ကြုံတောင့်ကြုံခဲ ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်ကြောင့် ပြည်နယ်ပေါင်း ၆၇ ပြည်နယ်အနက် ၁၂ ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရေလွှမ်းမိုးမှုအခြေအနေလျော့ပါးသက်သာစေရေးအတွက် အဆိုပါဒေသများသို့ တပ်မတော်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် စေလွှတ်ထားကြောင်း ဒုတိယဝန်ကြီးချုပ် ပရာဝစ်ဝုမ်ဆူဝန်က သတင်းထောက်များအား ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်း ရေလွှမ်းခံဒေသများတွင် အိမ်ထောင်စုပေါင်း ၃၃၀၀၀၀ ကျော် ရေဘေးဒုက္ခနှင့် ကြုံတွေ့ရပြီး ဇန်နဝါရီ ၉ ရက်အထိ သေဆုံးရသူပေါင်းမှာ ၂၁ ဦးရှိပြီဖြစ်ကြောင်း ထိုင်းအစိုးရ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လျော့ပါးစေရေးဌာနက ပြောကြားသည်။

ထိုင်းတောင်ပိုင်း ဒေသသည် ရော်ဘာထုတ်လုပ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်ဒေသဖြစ်ပြီး ရာသီဥတုဆိုးရွားစွာ ဖြစ်ပေါ်ခြင်းသည် ထိုင်းရော်ဘာစိုက်ပြည်သူများအတွက် အချိန်အခါမဟုတ်မိုး ဖြစ်ကြောင်း ထိုင်းသဘာဝရော်ဘာကောင်စီဥက္ကဋ္ဌ သူထိုင်းဆန်လူကတ်ဘ်က ပြောကြားသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားရာဒေသ၏ အဓိကလေဆိပ်ဖြစ်သည့် ထိုင်းတောင်ပိုင်းရှိ နာကွန်ဆီဟွန်ဟွန်စီသမ်မရတ်ပြည်နယ်၏ လေဆိပ်အား ပိတ်ထားရဆဲဖြစ်ပြီး မြို့တော် ဗန်ကောက်နှင့် ယင်းပြည်နယ်အကြား ဆက်သွယ်ထားသည့်ရထားလမ်း၌ ရထားပြေးဆွဲမှုများကိုလည်း ဆိုင်းငံ့ထားရကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# နေတိုးအဖွဲ့၏အရှေ့ပိုင်းစစ်မျက်နှာပြင်အတွက် အမေရိကန်၏စစ်ယာဉ်များ ဂျာမနီသို့ရောက်ရှိ

**ဘွန်း ဇန်နဝါရီ ၉**

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏အရှေ့ပိုင်းစစ်မျက်နှာပြင်အတွက် စစ်အင်အားဖြန့်ကြက်နိုင်ရန် အမေရိကန် သံချပ်ကာယာဉ်များ၊ စစ်ထရပ်ယာဉ်များနှင့် စစ်သုံးကိရိယာများသည် ဂျာမနီနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ကျူးကျော်မှုကို ဟန့်တားနိုင်ရေးအတွက် နေတိုးက ဥရောပ၌ စစ်ရေးလေ့ကျင့်မှုများတိုးမြှင့်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှားနိုင်ငံ၏ကျူးကျော်မှုကို ဟန့်တားနိုင်ရေးအတွက် မိမိတို့၏ကြိုးပမ်းဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအဖြစ် နေတိုးအဖွဲ့၏အရှေ့ပိုင်း ရှေ့တန်းနယ်မြေတွင် တပ်ဖွဲ့များကို ဖြန့်ကြက်မည်ဖြစ်ကြောင်း၊ မိမိတို့မဟာမိတ်နိုင်ငံများ၏ ပိုင်နက်နယ်မြေစုစည်းတည်ရှိမှုကို ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ကြောင်း အမေရိကန်၏ ဥရောပစစ်ဌာနချုပ် ဒုတိယတပ်မှူးကြီး အမေရိကန်လေတပ်ဒုတိယဗိုလ်ချုပ်ကြီး တင်ရေးက ပြောကြားသည်။

အမေရိကန်သည် လွန်ခဲ့သည့်သုံးနှစ်က ဥရောပမြေပေါ်မှ ယင်း၏နောက်ဆုံးသံချပ်ကာယာဉ်ကို ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် ယခုအခါ နေတိုးအဖွဲ့၏အရှေ့ပိုင်းရှေ့တန်းနယ်မြေ၌ စစ်ရေးတည်ဆောက်နိုင်ရန် သံချပ်ကာတပ်ဖွဲ့တစ်ဖွဲ့ကို ဂျာမနီနိုင်ငံသို့ စေလွှတ်လိုက်ပြီ ဖြစ်သည်။

ဂျာမနီနိုင်ငံမြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းသို့ လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်တွင် အမေရိကန်၏စစ်ဘက်ဆိုင်ရာ ကုန်တင်သင်္ဘောသုံးစင်း ဆိုက်ရောက်လာခဲ့သည်။

သင်္ဘောပေါ်မှ သံချပ်ကာကားများကို ချပြီးသည့်အခါ ယင်းသံချပ်ကာယာဉ်များကို ရထားဖြင့် ပိုလန်နိုင်ငံသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်သည်။ ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်နိုင်ရေးအတွက် ဖြန့်ကြက်သွားရန် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဥရောပတိုက်တွင် အအေးလွန်ကဲမှုကြောင့် လူ ၂၀ ခန့် သေဆုံး

**ဘဲလ်ဂရိတ် ဇန်နဝါရီ ၉**

ဥရောပတိုက်တွင် အအေးလွန်ကဲမှုကြောင့် အနည်းဆုံး လူ ၂၀ ခန့် သေဆုံးခဲ့ရပြီဖြစ်သည်။ လွန်ခဲ့သည့် ရက်များအတွင်း ဥရောပတိုက်၏ ဒေသအတော်များများတွင် နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သည်။

ပိုလန်နိုင်ငံတွင် စနေနေ့က အပူချိန်သည် အနုတ် ၂၀ ဒီဂရီ ဆဲလ်ဆီးယပ်အထိ ကျဆင်းခဲ့ပြီး အအေးလွန်ကဲသည့်အတွက် လူ ၁၀ ဦးသေဆုံးခဲ့သည်။ အီတလီနိုင်ငံတွင်လည်း လမ်းပေါ်နေထိုင်ရသည့် လူများအပါအဝင် ရှစ်ဦးသေဆုံးခဲ့သည်။



တူရကီနိုင်ငံနှင့် နယ်စပ် ဘူလ်ဂေးရီးယားတောင်တန်းတစ်နေရာတွင်လည်း ဥရောပသို့ ရွှေ့ပြောင်းလာသူ အီရတ်နိုင်ငံသားနှစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ရသည်ဟု အေပီသတင်းဌာနက ရေးသားဖော်ပြသည်။

ဥရောပအရှေ့ပိုင်းနိုင်ငံများသည် ဂျာမနီနိုင်ငံနှင့် အခြားသောနိုင်ငံများသို့သွားရောက်မည့် ဒုက္ခသည်များ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ရန်အတွက် ၎င်းတို့၏ နယ်စပ်ဝင်ပေါက်များကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားသည်။

ရွှေ့ပြောင်းဒုက္ခသည် ရာပေါင်းများစွာသည် အပူချိန် အနုတ် ၁၆ ဒီဂရီဆဲလ်ဆီးယပ်ခန့်အေးသည့် ဆာဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့တော်ရှိ ဘူတာရုံတစ်ခုတွင် ပိတ်မိနေသည်။ ဆီးရီးယားနိုင်ငံမှ စစ်ဘေးရှောင်ထွက်ပြေးလာသူများအပါအဝင် ဒုက္ခသည် ၁၅၀၀၀ ခန့်ရှိသည့် ဂရိကျွန်းစုတွင်လည်း နှင်းမုန်တိုင်းကျရောက်တိုက်ခတ်လျက်ရှိသည်။ အဆိုပါဒုက္ခသည်များမှာ အအေးဒဏ်ကို မကာကွယ်နိုင်သည့် ရွက်ဖျင်တဲများတွင် နေထိုင်ကြရသည်။ **အင်န်အိတ်ချ်ကေ။**

# အချိန်မရွေး၊ နေရာမရွေး တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် ပစ်လွှတ်နိုင်ဟု မြောက်ကိုရီးယားတာဝန်ရှိသူ ပြော

**ပြုံယမ်း ဇန်နဝါရီ ၉**

မြောက်ကိုရီးယားနိုင်ငံ၏ ဦးသျှောင်ဌာနချုပ်က အဆုံးအဖြတ်ပေးသည့် မည်သည့်အချိန်တွင်မဆို၊ မည်သည့်နေရာတွင်မဆို တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ပစ်လွှတ်နိုင်ကြောင်း ယင်းနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင် ကေစီအင်န်အေသတင်းအေဂျင်စီက ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးသောရန်လိုသည့်မူဝါဒများကို အမေရိကန်က ချမှတ်ကျင့်သုံးခြင်းကြောင့် မိမိတို့အနေဖြင့် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(အိုင်စီဘီအမ်)ထုတ်လုပ်ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမည်မဖော်သူ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယား၏ အိုင်စီဘီအမ်ဒုံးကျည်အစီအစဉ်သည် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ အမေရိကန်၏ နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုကြီးထွားလာမှုကို ရင်ဆိုင်နိုင်ရန် ဒုံးကျည်အစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုစဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဌာနဒုတိယဝန်ကြီး အန်ထော်နီဘလင့်ကန်က ပြောကြားရာတွင် မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်နှစ်က နျူကလီးယားနှင့်ဒုံးကျည်စွမ်းပကားအရ တိုးတက်လာသည်ကို မိမိတို့တွေ့မြင်ခဲ့ရကြောင်း ဖော်ပြသည်။ **ဆင်ဟွာ။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၃ ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**နာယက**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၁/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)ဝင်းမြင့်**
**ဥက္ကဋ္ဌ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၁/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် ဇန်နဝါရီ ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးရေးရာဆောင် အမှတ် အိုင်-၁၂ သို့ ဇန်နဝါရီ ၂၇ ရက်ထက်မစော ဇန်နဝါရီ ၂၈ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်နှင့် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို လွှတ်တော်ဝင်းအတွင်းရှိ သဘင်ဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် ဇန်နဝါရီ ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည်များ ပြင်ဆင်နိုင်ရန်နှင့် ရသုံးခန့်မှန်းခြေငွေစာရင်းစိစစ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် သဘင်ဆောင်၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် အိုင်-၁၉ သို့ ဇန်နဝါရီ ၂၇ ရက်ထက်မစော ၂၈ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွန်ဘာသာ စကားပြောသင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၉**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မွန်ဘာသာ စကားပြောသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး (ကိုယ်စား) ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၊ အမှတ်(၁၅) ရဲတပ်ရင်း တပ်ရင်းမှူး၊ မော်လမြိုင်ခရိုင်ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားတပ်ဖွဲ့ဝင်အရာရှိအဆင့်၊ အခြားအဆင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၃၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။


**(၃၀၇)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် မြန်မာရေးရာ အမှတ်(၂) စာအုပ် ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ မြန်မာရေးရာ လေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က စီစဉ်သည့် "မြန်မာရေးရာ" အမှတ်(၂) (ဇန်နဝါရီ ၂၀၁၇) ထွက်ရှိလာသည်။






မြန်မာရေးရာ အမှတ်(၂)တွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ မြန်မာဆောင်းပါး ၁၈ ပုဒ်၊ အင်္ဂလိပ်ဆောင်းပါးနှစ်ပုဒ် ပါဝင်သည်။ မြန်မာကဏ္ဍတွင် အိုးဝေဦးညိုမြ၊ ဦးဝန်(မင်းသုဝဏ်)၊ ဒေါက်တာမောင်မောင်ကြီး၊ ဂျိမ်းဘာရင်တန်၊ မင်းတင်၊ ကျော်လင်းဦး၊ အောင်ကျော်အေးချမ်း၊ ဝင့်ဆန်း၊ ဒေါက်တာမျိုးညွန့် (မာခရိုစီးပွားရေး)၊ ဒေါက်တာမြင့်ဆန်း၊ ယမင်းမြတ်အေး၊ ဇော်အောင်၊ ဘိုးလှိုင်၊ ဒေါက်တာအောင်ကြီး၊ နိုင်ထိုက်၊ မြင့်ကျော် (ဇလွန်)၊ ရဲမြင့်ကျော်၊ မော်လင်းတို့၏ ဆောင်းပါးများနှင့် အင်္ဂလိပ်ကဏ္ဍတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးနုတို့၏ ဆောင်းပါးများ ပါဝင်ပါသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိရာ နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်း မှာကြားလိုသူများအတွက် မြန်မာရေးရာ အမှတ်(၂)ကို ဒူဝံစာပေအမှတ်(၁၂၂)(၃၁)လမ်း (အထက်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန် ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉- ၇၃၂၀၃၀၃၂၊ Email: duwunsarpay31upperst@gmail.com တို့သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့ မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဇန်နဝါရီ ၉**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူအခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ မြစ်ကြီးနားမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ယင်းနောက် မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင် ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ဓါတ်ပုံ)** ထို့နောက် မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဟိုတယ်မဒီရာ၌ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တာဝန်ရှိသူများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် မြစ်ကြီးနားခရီးစဉ်အတွင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် IDP စခန်းများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ IT ပညာရှင်လူငယ်များကို စောင့်မျှော်နေသော ဂျပန်

ကောင်းမြတ်ထွန်း

**ယနေ့ ဂျပန်အခြေအနေ**

ကျွမ်းကျင်ပညာရှင် မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ဂျပန်သို့လာပြီး အလုပ်လုပ်ရန် အလွန်ကိုလွယ်ကူနေပါပြီ။ တစ်နှစ်ပြီးတစ်နှစ် နည်းပါးလာသည့် လူဦးရေနှင့်အတူ လုပ်သားလိုအပ်ချက်အတွက် ဖြည့်တင်းပေးနိုင်မှုဟာလည်း ဂျပန်လုပ်ငန်းရှင်များ နှစ်စဉ်ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုဖြစ်ပါသည်။ ဂျပန်လုပ်ငန်းရှင်တွေအနေဖြင့် လိုအပ်နေသော လုပ်သားလိုအပ်ချက်များအတွက် နိုင်ငံရပ်ခြားမှ မိမိတို့နိုင်ငံကို လာရောက်အလုပ်လုပ်ကိုင်ပေးမည့်သူများကို မျှော်လင့်နေရသော အခြေအနေဖြစ်နေပါပြီ။ လုပ်သားလိုအပ်ချက်ရှိတယ်ဆိုရာမှာ အခြေခံအလုပ်သမားများမှသည် အသိပညာရှင် အတတ်ပညာရှင်များအထိ အလွှာအသီးသီးတွင် လိုအပ်နေခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့်လည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက်၊ နိုင်ငံခြားသား အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုလွယ်ကူစွာ ဂျပန်နိုင်ငံတွင် လာရောက်နေထိုင် အလုပ်လုပ်ကိုင်နိုင်ရန် ဥပဒေများ၊ နည်းဥပဒေများကို ပြင်ဆင်ဖြည့်တင်းမှုများ ပြုလုပ်နေပါသည်။ ဂျပန်နိုင်ငံသား လူဦးရေနည်းပါးလာမှုနှင့်အတူ နိုင်ငံစီးပွားရေးကျဆင်းလာမှုကို ပြန်လည်မြှင့်တင်ရန်အတွက် နိုင်ငံခြားသား အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အင်အားကိုရယူပြီး ဆောင်ရွက်နိုင်ရန် ဂျပန်အစိုးရပိုင်းအနေဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။

မည်သည့်နိုင်ငံမှမဆို တက္ကသိုလ်တစ်ခုခုမှ ပညာရပ်ဆိုင်ရာ ဘွဲ့ရရှိထားသူသည် ထိုပညာရပ်ဖြင့် သက်ဆိုင်သော ဂျပန်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နိုင်ခွင့်ရှိပါသည်။ ထိုအလုပ်လုပ်ကိုင်နိုင်ခွင့်ရရှိရန်အတွက် အလုပ်ခန့်ထားပေးသော ၎င်းဂျပန်လုပ်ငန်းမှတစ်ဆင့် ဂျပန်လူဝင်မှုကြီးကြပ်ရေးသို့ ဂျပန်နိုင်ငံတွင် အလုပ်လုပ်နေထိုင်ခွင့်ကို လွယ်လွယ်ကူကူ လျှောက်ထားရယူနိုင်ပါသည်။ နေထိုင်ခွင့်အနေဖြင့် ဦးစွာပထမ တစ်နှစ်၊ သုံးနှစ်၊ ငါးနှစ် စသည်ဖြင့် ပေးအပ်လေ့ရှိပြီး သက်တမ်းကုန်ပါက သက်တမ်းတိုးလျှောက်ထားခြင်းကိုလည်း လွယ်ကူစွာ ပြုလုပ်နိုင်ပါသည်။ ယခုနှစ်များတွင် IT အတတ်ပညာရှင်များအဖြစ် လာရောက်လုပ်ကိုင်သော နိုင်ငံခြားသားများအတွက် ပထမဦးဆုံးနေထိုင်ခွင့်ကို ငါးနှစ်အထိ သတ်မှတ်ပေးအပ်နေကြောင်း သိရှိရပါသည်။ ITပညာရှင်အနေဖြင့် ရရှိမည့် VISA Type သည် [Engineer/ Specialist in Humanities/ Int'l Services] ဖြစ်ပြီး နည်းပညာရှင် အတတ်ပညာရှင်အဖြစ် ဂျပန်နိုင်ငံရှိ မည်သည့် လုပ်ငန်းတွင်မဆို အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

**ထူးချွန်သော အလုပ်လျှောက်သူ နည်းပါးလာသော ဂျပန် IT လုပ်ငန်းများ**

ဂျပန် IT လုပ်ငန်းများသည်လည်း နှစ်စဉ် ဝန်ထမ်းသစ်ခေါ်ယူရာတွင် လာရောက်လျှောက်ထားသူ နည်းပါးခြင်း၊ လျှောက်ထားလာသူများ၏ အရည်အချင်းမပြည့်ဝခြင်း စသည်တို့ကြောင့် လိုအပ်သော ဝန်ထမ်းအရေအတွက်ကို ခန့်ထားနိုင်ခြင်းမရှိ ဖြစ်နေကြပါသည်။ အထူးသဖြင့် အလယ်အလတ်တန်းစား ဂျပန် IT လုပ်ငန်းများ၊ တိုကျိုမဟုတ်သော နယ်ဒေသများတွင် ပင်မလုပ်ငန်းတည်ရှိပြီး တိုကျိုမြို့တွင် လုပ်ငန်းခွဲတည်ထောင်ထားသော IT လုပ်ငန်းများတွင် အလုပ်လျှောက်ထားသူ ရှားပါးနေပါသည်။ အလုပ်လျှောက်ထားသူ ဂျပန်လူမျိုးများကလည်း မျှော်မှန်းထားသလောက် အရည်အသွေးပြည့်ဝသူများ မဟုတ်ကြဟုသိရပါသည်။ အဘယ်ကြောင့်ဆိုသော် ထူးချွန်သောသူများက အလယ်အလတ်လုပ်ငန်းများသို့ အလုပ်မလျှောက်ကြဘဲ လုပ်ငန်းကြီးများသို့သာ အလုပ်လျှောက်ကာ အလုပ်ဝင်ကြခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအလယ်အလတ် လုပ်ငန်းပိုင်ရှင်တို့သည် မိမိတို့လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ဂျပန်နိုင်ငံသားမဟုတ်သူ နိုင်ငံခြားသား ထူးချွန် IT ပညာရှင်များကို မိမိတို့လုပ်ငန်းတွင် ဝန်ထမ်းအနေဖြင့် လာရောက်လုပ်ကိုင်နိုင်စေရန် ပြင်ဆင်ကြရပါတော့သည်။

**ငွေကုန်ကြေးကျမရှိဘဲ ဂျပန်နိုင်ငံသို့**

ရှေးယခင်က ဂျပန်နိုင်ငံကိုလာပြီး အလုပ်လုပ်မည်ဆိုပါက မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် သိန်း ၅၀၊ သိန်း ၁၀၀ ကုန်ကျခံပြီး လာရောက်လုပ်ကိုင်ရသည်ဟု ကြားဖူးပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံသား IT ပညာရှင်တစ်ယောက်အနေဖြင့် ဂျပန်နိုင်ငံကို လာရောက်အလုပ်လုပ်ရန်အတွက် မိမိကိုယ်တိုင်မှ ငွေကြေးစိုက်ထုတ်ရန်မလိုတော့ပါ။ အခြေခံအားဖြင့် မိမိကို အလုပ်ခန့်အပ်ချင်သောလုပ်ငန်းမှ အလုံးစုံတာဝန်ယူပြီး ဂျပန်နိုင်ငံရောက်သည်အထိ ခေါ်ယူကြပါသည်။ ဂျပန်နိုင်ငံမှ IT လုပ်ငန်းရှင်များသည်လည်း မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး မြန်မာ IT ပညာရှင်လူငယ်များကို တွေ့ဆုံ၍ မိမိတို့လုပ်ငန်းများကို မိတ်ဆက်ကာ လူတွေ့အင်တာဗျူးပြီး အရည်အသွေး အရည်အချင်း ပြည့်ဝသော လူငယ်များကို အလုပ်ခန့်အပ်ကြပါသည်။

ယခုနောက်ပိုင်းနှစ်များ (၂၀၁၂ ခုနှစ်လောက်မှစပြီး)တွင် ဂျပန်နိုင်ငံ IT လုပ်ငန်းများမှ စုပေါင်းပြီး Job & Career Fair များပြုလုပ်ကာ မြန်မာ IT ပညာရှင်လူငယ်များကို လုပ်ငန်းမိတ်ဆက်ခြင်း၊ အလုပ်ခေါ်ယူခြင်းများကို နှစ်စဉ် ပြုလုပ်လာကြပါသည်။ ၂၀၁၅ ခုနှစ်လောက်အထိ ရန်ကုန်မြို့ကို အခြေပြုပြီး Job & Career Fair များ ပြုလုပ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှစကာ မန္တလေးမြို့တွင်နေထိုင်သော လူငယ်များအတွက်ပါ Job & Career Fair ပြုလုပ်ပြီး ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ပေးနိုင်မည့် မြန်မာ IT ပညာရှင်လူငယ်များကို လာရောက်ရှာဖွေသော ဂျပန် IT လုပ်ငန်းများ များပြားလာနေပြီဖြစ်ပါသည်။ ရှေ့လျှောက်လည်း နှစ်စဉ်နှစ်တိုင်း ဂျပန်နိုင်ငံမှ IT လုပ်ငန်းများသည် မြန်မာနိုင်ငံသို့ လာရောက်ပြီး မြန်မာ IT ပညာရှင်လူငယ်များကို အလုပ်ခန့်အပ်နိုင်ရန် လာရောက်ကြဦးမည်ဖြစ်ပါသည်။

**မြန်မာ IT လူငယ်ပညာရှင်များကို စောင့်မျှော်နေသော ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ပြီး နိုင်ငံတကာအတွေ့အကြုံများကိုရယူကာ နောင်အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီနိုင်သော နိုင်ငံတကာအတွေ့အကြုံရှိ နည်းပညာရှင်၊ အတတ်ပညာရှင်များဖြစ်နိုင်ရန် ကြိုးစားအားထုတ်ရမည်မှာ လူငယ်များကိုယ်တိုင်ပင်ဖြစ်ပါသည်။ ယနေ့ခေတ်အခါသည် အခွင့်အလမ်းများပေါ်များပြီး ထိုအခွင့်အလမ်းများကို လက်ဝယ်ရယူနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရမည်မှာ မိမိကိုယ်တိုင်ပင်ဖြစ်. . .**

အလုပ်ခန့်ထားရာတွင် ဂျပန် IT လုပ်ငန်းများသည် လုပ်ငန်းခွင်ဝင်ခွင့် စာမေးပွဲကို စစ်ဆေးလေ့ရှိပါသည်။ အထူးသဖြင့် သင်္ချာဘာသာရပ် ကျွမ်းကျင်မှုရှိ၊ မရှိကို စစ်ဆေးသော IQ စာမေးပွဲများကို ဖြေဆိုရလေ့ရှိပါသည်။ IT လုပ်ငန်းများသည် စဉ်းစားတွေးခေါ်ပြီး အစီအစဉ်ကျကျ စီစဉ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည့်အတွက် IQ စွမ်းရည်သည် လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အထူးပင် အလေးထားရသောအရာဖြစ်ပါသည်။ IQ စာမေးပွဲတွင် လုပ်ငန်းများမှ သတ်မှတ်ထားသော အောင်မှတ်ရရှိသူများကို လုပ်ငန်းရှင်များက အင်တာဗျူးတွေ့ဆုံကာ နောက်ဆုံးအဆင့်အနေဖြင့် လူမှုရေး (ပြောဆိုဆက်ဆံနိုင်မှု၊ ခေါင်းဆောင်နိုင်မှု၊ အနာဂတ်ရည်မှန်းချက်ရှိမှု စသည့်) စွမ်းဆောင်ရည်ကို ကြည့်ရှုရွေးချယ်ကြပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးထက် ပညာသာ အဓိကလိုအပ်ပါသည်။

**ဂျပန်စာ၊ ဂျပန်စကား**

ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန်အတွက် ဂျပန်စာ၊ ဂျပန်စကား တတ်မြောက်ကျွမ်းကျင်မှုသည်လည်း မဖြစ်မနေ လိုအပ်ပါသည်။ အချို့ နိုင်ငံတကာ IT လုပ်ငန်းများက အင်္ဂလိပ်စာကိုသာ အဓိကထားလေ့ရှိသော်လည်း ဂျပန် IT လုပ်ငန်းအများစုကတော့ ဝင်ရောက်လုပ်ကိုင်မည့် နိုင်ငံခြားသားများ၏ ဂျပန်စာ၊ ဂျပန်စကား အရည်အသွေးကို အဓိကထားကြည့်တတ်ကြပါသည်။ မြန်မာလူငယ် IT ပညာရှင်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများအနေဖြင့် အစပထမတွင် ဂျပန်စာ၊ ဂျပန်စကား မပြောတတ်၊ မရေးတတ်၊ မဖတ်တတ်သည်မှာ အထူးအဆန်းမဟုတ်ပါ။ လူသားအရင်းအမြစ် အရေးပေါ်လိုအပ်နေသော ဂျပန် IT လုပ်ငန်းရှင်များအနေဖြင့် ထူးချွန်သော မြန်မာ IT ပညာရှင်လူငယ်များကို ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ ပြုစုပျိုးထောင်ပေးပါသည်။ ပထမဦးစွာ မြန်မာနိုင်ငံတွင် အလုပ်ခန့်ပြီး လစာပေးထားကာ ဂျပန်စာ၊ ဂျပန်စကားနှင့် ၎င်းတို့လုပ်ငန်းအတွက် လိုအပ်သော IT ပညာရပ်များကို အခမဲ့သင်ကြားပေးပါသည်။ တစ်နှစ် (သို့) တစ်နှစ်ခွဲခန့် အချိန်ယူပြီး ပြုစုပျိုးထောင်ကာ ဂျပန်နိုင်ငံရှိ ၎င်းတို့ လုပ်ငန်းများသို့ လာရောက်အလုပ်လုပ်ကိုင်နိုင်ရန် ပြင်ဆင်လုပ်ဆောင်နေကြပါသည်။

မြန်မာလူငယ်တစ်ယောက်အနေဖြင့် ဂျပန်စာ၊ ဂျပန်စကားကို တစ်နှစ်(သို့)တစ်နှစ်ခွဲခန့် အချိန်ယူသင်ယူပါက ဂျပန်စာအရည်အချင်း (JLPT) အဆင့် ၂ (N2)ကို ရရှိအောင် စွမ်းဆောင်နိုင်ပါသည်။ ဂျပန်နိုင်ငံရှိ လုပ်ငန်းများတွင် ဂျပန်လူမျိုးများဖြင့် ရင်ပေါင်တန်းပြီး အတူတကွ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဂျပန်စာ အရည်အချင်း (JLPT) အဆင့် ၂ (N2) အနည်းဆုံး ရှိထားသင့်ပါသည်။ သို့မဟုတ်ပါက လုပ်ငန်းခွင်တွင် စကားပြောဆိုရာတွင်လည်းကောင်း၊ စာရေးသားဆက်သွယ်ရာတွင် လည်းကောင်း၊ စာရွက်စာတမ်းများ ဖတ်ရှုရာတွင်လည်းကောင်း အခက်အခဲများရှိနိုင်ပါသည်။ ထို့ကြောင့် ဂျပန် IT လုပ်ငန်းအများအားဖြင့်က ဂျပန်နိုင်ငံရှိ ၎င်းတို့ လုပ်ငန်းများတွင် လာရောက်လုပ်ကိုင်ရန် သတ်မှတ်ချက်ကို N2 အဆင့် သတ်မှတ်လေ့ရှိခြင်းဖြစ်ပါသည်။ သို့သော် လုပ်ငန်းအခြေအနေအပေါ်တွင် မူတည်ပြီး N3 အဆင့်ဖြင့်လည်း ဂျပန်နိုင်ငံသို့ လာရောက်လုပ်ကိုင်ရန် ဖိတ်ခေါ်သော လုပ်ငန်းများလည်းရှိပါသည်။ ထိုသို့သော လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရသူများအနေဖြင့်လည်း မိမိကိုယ်ပိုင် အရည်အသွေးတိုးတက်စေရန်နှင့် ဂျပန်နိုင်ငံတွင် ပျော်ရွှင်လွတ်လပ်စွာ အလုပ်လုပ်ကိုင်နိုင်ရန် ဂျပန်စာကို စဉ်ဆက်မပြတ် လေ့လာသင်ယူသင့်ပါသည်။

**နည်းပညာများ**

တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံတွင် အသုံးပြုနေသော IT ပညာရပ်များသည် ကမ္ဘာ့ထိပ်တန်းအဆင့်တွင် ရှိပါသည်။ အလုပ်အကိုင် အခွင့်အလမ်းပေါ်များသော Software Development လုပ်ငန်းများတွင် အဓိကအသုံးပြုသော Programming Language သည် Java programming ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် Software Development လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် အလုပ်ခန့်ထားခံရသူသည် ဦးစွာပထမ Programmer တစ်ယောက်အဖြစ် လုပ်ကိုင်ရမည်ဖြစ်သောကြောင့် Java programming ကို သိရှိကျွမ်းကျင်ထားလျှင် ပိုမိုကောင်းမွန်ပါသည်။ လုပ်ငန်းသဘာဝအပေါ်မူတည်ပြီး Java မဟုတ်သော programming language ကို အသုံးပြုရခြင်းများလည်း ရှိနိုင်ပါသည်။ Infra ပိုင်းမှာ အလုပ်လုပ်မည့်သူများကလည်း ဂျပန်နိုင်ငံတွင် Data Center အများအပြားရှိပြီး Global အဆင့် လုပ်ငန်းများကို လုပ်ဆောင်လေ့ရှိပါသည်။ Window Server တင်မက Linux Server ပိုင်းဆိုင်ရာ အသုံးပြုမှုများကိုပါ သိရှိလေ့လာထားသင့်ပါတယ်။ Network အခြေခံများကိုလည်း သိရှိထားသင့်ပါသည်။ Big Data, Cloud Computing, IoT, Robot စသည့် တိုးတက်ပြောင်းလဲနေသော နည်းပညာများကိုလည်း စဉ်ဆက်မပျက်လေ့လာနေရန် လိုအပ်ပါသည်။

**လူငယ်များ၏ လိုအပ်ချက်များ**

မြန်မာနိုင်ငံ ပညာရေးစနစ်ဖြင့် ပြုစုပျိုးထောင်မှုဖြင့် ပညာရှင်၊ ပညာတတ်လူငယ်များအနေဖြင့် ဂျပန်နိုင်ငံလုပ်ငန်းရှင်များဘက်မှ ကြည့်ပါက အားနည်းချက် လိုအပ်ချက်များရှိကြပါသည်။ အထူးသဖြင့် လိုအပ်သည်မှာ လူအချင်းချင်း ဆက်ဆံရေးနည်းပညာဖြစ်သည်။ မြန်မာနိုင်ငံသားများသည် ရှက်တတ်ခြင်း၊ ထုတ်ဖော်ပြောဆိုရန် တွန့်ဆုတ်ခြင်း စသည်တို့ကြောင့် လူအချင်းချင်း ဆက်ဆံရာတွင် အားနည်းတတ်ပါသည်။ ဂျပန်လူမျိုးများလည်း အတူတူပင်ဖြစ်ပါသော်လည်း IT လုပ်ငန်းများ လုပ်ဆောင်ရာတွင် IT ပညာရပ်တစ်ခုတည်းသာမက အတူတူ အလုပ်လုပ်ကိုင်နေသောသူများဖြင့် လူအချင်းချင်း ကောင်းမွန်စွာ ဆက်ဆံနိုင်ရန်လည်း အရေးကြီးပါသည်။ လိုအပ်သောအချိန်တွင် သတင်းပို့ခြင်း၊ အကြောင်းကြားခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း စသည်တို့သည် အထူးပင် အရေးကြီးလှပါသည်။ မည်သည့်နေရာတွင် တာဝန်ကျသည်ဖြစ်ပါစေ ကျရာနေရာတွင် ခေါင်းဆောင်ကောင်းစိတ်ဓာတ်ဖြင့် လူအချင်းချင်း ပွင့်လင်းမြင်သာစွာ ပြောဆိုဆက်ဆံပြီး လုပ်ငန်းကိစ္စများကို အောင်မြင်အောင် စွမ်းဆောင်နိုင်သူဖြစ်ရန် အလွန်ပင်အရေးကြီးပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သော နိုင်ငံတစ်ခုဖြစ်သောကြောင့် နိုင်ငံအတွင်းရှိ လုပ်ငန်းများသည် IT နည်းပညာကို တွင်တွင်ကျယ်ကျယ် သုံးစွဲမှုမရှိသေးပေ။ ထို့အပြင် ပြည်တွင်းလုပ်ငန်းများသည် နိုင်ငံအတွင်းတွင်သာ ရပ်တည်နေပြီး စည်းစနစ်ကျသော လုပ်ငန်းလည်ပတ်မှုစနစ်ကို သေသေချာချာ သုံးစွဲနိုင်စွမ်းမရှိသေးပေ။



စာမျက်နှာ ၇ သို့

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မှန်ကန်မျှတသည့် တရားစီရင်ရေး တည်တံ့စေလို

## ကိုအောင်(မြင်းကမြေ)

ရာဇဝတ်ဆိုင်ရာ အမှုများ၊ တရားမမှုများတွင် တရားလိုတရားခံ၊ တရားလို တရားပြိုင်များအနေဖြင့် မိမိတို့၏ အမှုကိစ္စအတွက် ရင်ဆိုင်ရာတွင် မူလ တရားရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်အမိန့်၊ စီရင်ချက်ဒီကရီများ ကျေနပ်မှုမရှိပါက တရားရုံးအဆင့်ဆင့်တွင် အယူခံမှု၊ ပြင်ဆင်မှု၊ အထူးအယူခံလျှောက်ထားမှု၊ စာချွန်တော် လျှောက်ထားမှုစသည်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်အထိ အဆင့်ဆင့်တက်ရောက်ခွင့်ရှိပါသည်။ သို့သော် လူတစ်ဦး၏ ရပိုင်ခွင့် အခွင့်အရေးအရ မိမိနစ်နာဆုံးရှုံးနေသည်ဟုယူဆပြီး တရားရုံး အဆင့်ဆင့်သို့ တက်ရောက်ပါက ရှေ့နေခအပါအဝင် သွားလာစရိတ်၊ တရားရုံး၏ စရိတ်၊ အထွေထွေကုန်ကျစရိတ်များကို အမှုသည်များမည်ကဲ့သို့ ထမ်းခဲ့ရသည်ကို ကိုယ်ချင်းစာစိတ်ဖြင့် ခန့်မှန်းကြည့်စေချင်ပါသည်။

တရားစီရင်ရာတွင် လာဘ်ပေးလာဘ်ယူကင်းစင်ရန် လိုအပ်သလို တရားရုံး တရားခွင်ပေါ်တွင်ရှိနေကြသော တရားသူကြီးများသည်လည်း အရည်အချင်း အရည်အသွေးပြည့်ဝပြီး ဥပဒေပြဋ္ဌာန်းချက်များကို ကျေညက်နှံ့စပ်သူများ ဖြစ်စေလိုပါသည်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၇၇တွင် "တရားသူကြီး တစ်ဦးသည် တရားစီရင်မှု ဆောင်ရွက်ရာ၌ ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့် အာဏာကို သုံးစွဲဆောင်ရွက်လျှင် မှားယွင်း စေကာမူ ပြစ်မှုမမြောက်ပေ"ဟု ပြဋ္ဌာန်းပါရှိသည်။ တရားသူကြီးတစ်ဦး၏ သဘောရိုးဖြင့် မှားယွင်းမှုကြောင့် အပြစ်မရှိသော တရားခံတစ်ယောက် ပြစ်ဒဏ်ခံရလျှင် ၎င်း၏ဘဝ၊ ၎င်း၏မိသားစု၊ အသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာ၊ ဆင်းရဲပင်ပန်းမှုနှင့် တန်ဖိုးရှိသော အချိန်ကာလများအတွက် ဆုံးရှုံးနစ်နာမှုများ သည် ပြန်လည်ကုစား၍ မရနိုင်တော့ပါ။ နောက်ဆုံးအဆင့် ရုံးသို့တက်ရောက် ပြီး အနိုင်ရစေကာမူ ပင်ပန်းဆင်းရဲမှုဒဏ်များနှင့် အချိန်ကာလသည် ဘယ်တော့မှ အစားပြန်လည်ရရှိမည်မဟုတ်၍ တရားရေးလောကတွင် အရည်အချင်းပြည့်မီသော တရားသူကြီးများ လိုအပ်ပေသည်။

တရားရုံးများနှင့်ယှဉ်တွဲနေသည့် ဥပဒေရုံးများတွင်လည်း ဥပဒေ အကြောင်းအရာကိုသာ ကြည့်ရှုပြီး အမှုမှန်ပေါ်ပေါက်ရေးကို ရဲဝံ့စွာဆောင်ရွက် ပေးလိုသည့် ဥပဒေအရာရှိများ လိုအပ်ပါသည်။ ရဲစခန်းမှ တင်ပြလာသော အမှုမှ တရားခံတိုင်း အပြစ်ရှိသူမဟုတ်ပါ။ စွပ်စွဲခံရသူများသာ ဖြစ်ပါသည်။ တရားခံတစ်ဦးဟု သတ်မှတ်၍ အပြစ်ရှိသည်ဟု ယူဆပြီး အမှုစစ်နေမည်ဆိုလျှင် လွတ်လပ်စွာ တရားစီရင်ရေး၏ဦးတည်ချက်ကို အကောင်အထည်ပေါ်မည် မဟုတ်ပါ။ ဥပဒေအရာရှိတစ်ဦးအနေဖြင့် စစ်မေးပေါ်ပေါက်ချက်အရ အပြစ် မရှိကြောင်း တွေ့ခဲ့လျှင် တရားခံအား လွှတ်သင့်ကြောင်း ရဲဝံ့စွာ လျှောက်လဲချက် ပေးရန် တာဝန်ရှိပါသည်။ ရဲက စွဲတင်သည့်အမှုဖြစ်၍ ဥပဒေအကြံပြုစာရေးစဉ် ကလည်း တရားခံအား အပြစ်ရှိကြောင်း အကြံပြုခဲ့သည်။ တရားရုံးတွင် အမှုစစ် ပြန်တော့လည်း တရားခံမလွတ်ရေးကို ဦးတည်ပြီး စစ်ဆေးခဲ့သည့်အတွက် အမှန်တရားမပေါ်ပေါက်ဘဲ နစ်နာခဲ့သည့်တရားခံများ ရှိနေပေလိမ့်မည်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုတွင် မလွတ်လပ်သော တရားစီရင်ရေးကြောင့် ဥပဒေအရာရှိများကို ဆွဲချဟု ခေါ်ဝေါ်သမုတ်မှုများ ရှိခဲ့ပါသည်။

ဆွဲချလား၊ တွန်းချလား၊ ဥပဒေအရာရှိလား၊ ဥပဒေဝန်ထမ်းလား၊ ဥပဒေအရာရှိတစ်ဦးအနေဖြင့် မည်သို့ခံယူမည်နည်း။ ဥပဒေပညာသည် မွန်မြတ်သော အသက်မွေးမှုပညာဖြစ်ပါသည်။ ဥပဒေဝန်ထမ်း၊ ဥပဒေ အရာရှိတစ်ဦးအနေဖြင့် နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရသော်လည်း စစ်ဆေးပေါ်ပေါက်ချက်အရ တရားခံတွင် အပြစ်မရှိကြောင်း ပေါ်လွင်ပါက အပြစ်မရှိကြောင်း တင်ပြရမည်ဟူသော စိတ်ထားမျိုးဖြင့် တရားစီရင်ရေး မဏ္ဍိုင်ကို အထောက်အကူပြုရန်သာဖြစ်သည်ဟု ယူဆမိပါသည်။ အမှုစစ် ရဲအရာရှိများအနေဖြင့် ရာဇဝတ်ဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခြင်း၊ ရဲလက်စွဲနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိတာဝန်ကို ကျေပွန်သင့်သည်။ အမှုမမြောက်သည်ကို အမှုမြောက်အောင် စစ်ဆေးပြီး အမှုစွဲတင်ပြီး တရားခံအား စတင်ဖမ်းဆီးချုပ်နှောင်ခဲ့ပြီးနောက်ပိုင်း အမှုစစ်ဆေးရင်း အမှုမှ အပြီးအပြတ် လွတ်မြောက်ခဲ့သည့် တရားခံများအနေဖြင့် ချုပ်နှောင်ခံခဲ့ရသည့် ဆုံးရှုံးနစ်နာမှုကို အစားထိုးကုစား၍ မရနိုင်သော ဆုံးရှုံးမှုများ ၎င်းတို့ဘဝနှင့် မှတ်တမ်းတင်ကြပေလိမ့်မည်။

တရားရုံး၏ အရာရှိများသဖွယ် လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေ ရှေ့ရပ်များအနေဖြင့် မိမိတို့၏ အမှုသည် အနိုင်ရရေးကို ရှေးရှုပြီး မိမိရှေ့နေခ များများရရေးကိုဦးတည်ပြီး အမှုလိုက်နေပါက တရားစီရင်ရေးမဏ္ဍိုင်ကို အကူ အညီပေးရာမရောက်ဘဲ အနှောင့်အယှက်ပေးရာ ရောက်ပေလိမ့်မည်။ ရှေ့နေ ရှေ့ရပ်များအနေဖြင့်လည်း မိမိအမှုသည် အနိုင်ရရှိရေးထက် အမှုမှန်ပေါ်ပေါက် ပြီး မျှတသောတရားစီရင်မှုဖြစ်အောင် ကူညီဆောင်ရွက်စေလိုပါသည်။

**"အပြစ်ရှိသူ အယောက်တစ်ရာ လွတ်မြောက်ပါစေ၊ အပြစ်မဲ့သူ တစ်ယောက်ကိုမျှ မှားယွင်းအပြစ်မပေးမိရန်လည်း လိုအပ်ပါကြောင်း"** တရားစီရင်ရေးတွင် ဆိုရိုးရှိပါသည်။ ထိုအဆိုကို ဥပဒေလောကသားများ၊ တရားရေး လောကသားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အမြဲသတိရပြီး မှန်ကန်မျှတ သည့် တရားစီရင်ရေး တည်တံ့စေလိုပါသည်။ ။

❖ တရားစီရင်ရာတွင် လာဘ်ပေးလာဘ်ယူကင်းစင်ရန် လိုအပ်သလို တရားရုံး တရားခွင်ပေါ်တွင်ရှိနေကြသော တရားသူကြီးများသည်လည်း အရည်အချင်း အရည်အသွေး ပြည့်ဝပြီး ဥပဒေပြဋ္ဌာန်းချက်များကို ကျေညက်နှံ့စပ်သူများ ဖြစ်စေလို . . .

❖ ရှေ့နေရှေ့ရပ်များအနေဖြင့်လည်း မိမိအမှုသည် အနိုင်ရရှိရေးထက် အမှုမှန်ပေါ်ပေါက်ပြီး မျှတသော တရားစီရင်မှုဖြစ်အောင် ကူညီဆောင်ရွက်စေလို . . .

○ စာမျက်နှာ ၆ မှ

စီးပွားရေးလုပ်ငန်းများ မဖွံ့ဖြိုးခြင်းနှင့်အတူ လူငယ်များအတွင်းတွင် စီးပွားရေးဆိုင်ရာဗဟုသုတများ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အသိပညာများနှင့် ထိတွေ့သိရှိနိုင်မှု အလွန်ပင်နည်းပါးလှပေသည်။ အခြားနိုင်ငံများရှိ လူငယ်များ မည်သူမဆို သိရှိနားလည်ပြီးဖြစ်သော စီးပွားရေး လုပ်ငန်းဆိုင်ရာ ယေဘုယျ ဗဟုသုတများကို မြန်မာလူငယ်များသိရှိမှု အလွန်ပင်နည်းပါးလှသေးသည်။ ITလုပ်ငန်းဆိုသည်မှာ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများအတွက် ICT နည်းပညာကို အသုံးပြုကာ လုပ်ငန်းဆောင်တာများ လျင်မြန်လွယ်ကူစွာ လုပ်ဆောင်နိုင်ရန် အကျိုးပြုရသောလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာသာမက စီးပွားရေးလုပ်ငန်းများ၏ အခြေခံယေဘုယျ ဗဟုသုတများကိုလည်း သိရှိထားရန်လိုအပ်ပါသည်။ မြန်မာ IT လူငယ်ပညာရှင်များအနေဖြင့် IT လုပ်ငန်းများထဲတွင် ရေရှည်ရပ်တည်လုပ်ကိုင်နိုင်ရန်အတွက် စီးပွားရေး လုပ်ငန်းဆိုင်ရာ အခြေခံယေဘုယျ ဗဟုသုတများနှင့် နေ့စဉ်ပြောင်းလဲနေသော နည်းပညာများကို စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူနေရန် လိုအပ်ပါသည်။

### လုပ်ခလစာနှင့် ကုန်ကျစရိတ်များ

ဂျပန် IT လုပ်ငန်းများသည် နိုင်ငံခြားသားဝန်ထမ်းများကို ဂျပန်လူမျိုးများနည်းတူ တူညီသောခံစားခွင့်များနှင့် လုပ်ခလစာများကို ပေးပါသည်။ ဂျပန် IT လုပ်ငန်းများတွင် ဝန်ထမ်းသစ်အနေဖြင့် အလုပ်လုပ်ကိုင်ရာတွင် လုပ်ခလစာအနေဖြင့် လုပ်ငန်းအပေါ်မူတည်ပြီး ယန်း ၂ သိန်း (မြန်မာငွေကျပ်သိန်း ၂၀)ခန့်မှ စတင်ရရှိကြပါသည်။ လုပ်ငန်းအပေါ်မူတည်ပြီး နေထိုင်သောအဆောင်ကို အခမဲ့စီစဉ်ပေးခြင်းများရှိသလို နေထိုင်ရန် အိမ်လခအတွက် အပိုဆောင်းလစာ(ယန်း ၂သောင်းမှ ၅ သောင်းခန့်အထိ)ပေးသော လုပ်ငန်းများလည်းရှိပါသည်။

မြန်မာနိုင်ငံသို့ တစ်နှစ်ကို တစ်ကြိမ်ခွင့်ဖြင့် (၁၀ ရက်မှ ၁၂ ရက်ခန့်) ပြန်ခွင့်ရှိပြီး လုပ်ငန်းအပေါ်မူတည်ပြီး လေယာဉ်စရိတ် (ယန်း ၈သောင်းခန့်) ကို အပိုဆောင်းလစာအဖြစ် ထုတ်ပေးသော လုပ်ငန်းများလည်းရှိပါသည်။ လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် မင်္ဂလာဆောင်ထောက်ပံ့ငွေ၊ ကလေးမွေးထောက်ပံ့ငွေ၊ မိဘဆွေမျိုးဆုံးပါးမှု ထောက်ပံ့ငွေ အစရှိသော ထောက်ပံ့ငွေများကိုလည်း ပေးအပ်လေ့ရှိပါသည်။ လုပ်ခလစာ၊ အပိုဆောင်းလစာနှင့် ထောက်ပံ့ငွေတို့သည် လုပ်ငန်းအပေါ်မူတည်ပြီး ကွာခြားလေ့ရှိပါသည်။

ဂျပန်နိုင်ငံတွင် အလုပ်လုပ်သော နိုင်ငံခြားသားတစ်ဦးသည် ကျန်းမာရေးအာမခံ၊ အလုပ်သမားအာမခံ အစရှိသော အာမခံများလည်း ဝင်ရောက်ပြီး ဂျပန်နိုင်ငံက သတ်မှတ်ထားသော ဝင်ငွေခွန်၊ နေထိုင်ခွန် အစရှိသော အခွန်အခများကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။ ၎င်းအာမခံများ အခွန်အခများကို လုပ်ငန်းရှင်များမှ ဝန်ထမ်းများကိုယ်စား လုပ်ခလစာမှ ခုနှိမ်ပြီး ပေးဆောင်ပေးလေ့ရှိပါသည်။ အာမခံများ အခွန်အခများကို ဝန်ထမ်းနှင့် လုပ်ငန်းရှင်များက တစ်ဝက်စီကျခံရလေ့ရှိပါသည်။ ထိုအာမခံများ အခွန်အခများသည် မိမိရရှိသော ဝင်ငွေအပေါ်တွင် မူတည်ပြီး တွက်ချက်ပေးဆောင်ရခြင်းဖြစ်သောကြောင့် တစ်ဦးနှင့် တစ်ဦး တူညီမည်မဟုတ်ပါ။ လစာအပေါ်မူတည်ပြီး တစ်လလျှင် ယန်း သုံးထောင်ခန့်မှ သုံးသောင်းခန့်အထိ ကျသင့်လေ့ရှိပါသည်။ နေထိုင်ရန်အတွက် တိုက်ခန်း၊ ကွန်ဒို အစရှိသဖြင့် အမျိုးမျိုးရှိကာ ပျမ်းမျှအားဖြင့် အိမ်လခသည် တစ်လကို ယန်း သုံးသောင်းခန့်မှ တစ်သိန်းခန့်အထိ ရှိပါသည်။ မိမိသည် မည်သို့နေထိုင်လိုသည့်အပေါ်တွင် မူတည်ပြီး အိမ်လခသည်လည်း ကွာခြားသွားမည်ဖြစ်ပါသည်။ ရေဖိုး၊ မီးဖိုး အစရှိသည့် စားသောက်စရိတ်သည်လည်း အခြေခံအားဖြင့် တစ်လလျှင် ယန်း သုံးသောင်းခန့်မှ ငါးသောင်းခန့်အထိ မိမိ၏ စားသောက်မှုပုံစံအပေါ်တွင် မူတည်ပြီး ကုန်ကျနိုင်ပါသည်။ မိမိလုပ်ကိုင်သော လုပ်ငန်းနှင့် မိမိအသုံးစရိတ်အပေါ်တွင် မူတည်သော်လည်း များသောအားဖြင့် အပိုစုဆောင်းငွေအဖြစ် ယန်း တစ်သိန်း (မြန်မာငွေ ၁၀သိန်း) ခန့် စုဆောင်းမိသောသူများပါသည်။ ထိုစုဆောင်းရရှိငွေများကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ကြသူများပြီး ယခုအခါ မြန်မာနိုင်ငံသို့ တရားဝင်ဘဏ်များမှတစ်ဆင့် ငွေလွှဲခြင်းများကိုလည်း လုပ်ဆောင်နိုင်နေပြီဖြစ်ပါသည်။ ထိုသို့ မြန်မာနိုင်ငံတွင်ရှိသော မိဘများကို ငွေကြေးပို့ဆောင်ထောက်ပံ့ပေးခြင်းဖြင့် ဂျပန်နိုင်ငံတွင်း အခွန်ကင်းလွတ်ခွင့်များလည်း ရရှိနိုင်ပါသည်။

### နိဂုံးချုပ်

မြန်မာ IT လူငယ်ပညာရှင်များကို စောင့်မျှော်နေသော ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ပြီး နိုင်ငံတကာ အတွေ့အကြုံများကိုရယူကာ နောင်အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီနိုင်သော နိုင်ငံတကာ အတွေ့အကြုံရှိ နည်းပညာရှင်၊ အတတ်ပညာရှင်များဖြစ်နိုင်ရန် ကြိုးစားအားထုတ်ရမည်မှာ လူငယ်များကိုယ်တိုင်ပင်ဖြစ်ပါသည်။ ယနေ့ခေတ်အခါသည် အခွင့်အလမ်းများ ပေါများပြီး ထိုအခွင့်အလမ်းများကို လက်ဝယ်ရယူနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရမည်မှာ မိမိကိုယ်တိုင်ပင်ဖြစ်ပါသည်။

**(စာရေးသူသည် ဂျပန်နိုင်ငံဆိုင်ရာ IT လုပ်ငန်းများတွင် ၂၀၀၈ ခုနှစ်မှစတင်ကာ အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး ယခုအခါ ဂျပန်နိုင်ငံရှိ IT & Consulting Company လုပ်ငန်းတစ်ခုဖြစ်သော Global Innovation Consulting Inc. တွင် General Manager အဖြစ် တာဝန်ထမ်းဆောင်နေသောသူတစ်ဦး ဖြစ်ပါသည်။ Global Innovation Consulting Inc. လုပ်ငန်းသည် စင်ကာပူ၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဂျပန်တွင် လုပ်ငန်းခွဲများရှိပြီး ဝန်ထမ်းဦးရေ ၁၇၀ ခန့်ရှိပါသည်။ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသား IT ပညာရှင် ၈၇ ဦးအလုပ်လုပ်ကိုင်နေပြီး ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသား IT ပညာရှင်လူငယ်များကို အမြဲတမ်းဝန်ထမ်းအဖြစ် အများဆုံး အလုပ်ခန့်အပ်ထားသော လုပ်ငန်းတစ်ခုလည်းဖြစ်ပါသည်။ စာရေးသူသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံတွင် Offshore Software Development လုပ်ငန်းများကို Programmer အဆင့်မှစတင်ကာ Manager အဆင့်အထိ လုပ်ကိုင်ခဲ့ပါသည်။ Offshore လုပ်ငန်းလုပ်ကိုင်ချိန်တွင် မြန်မာနိုင်ငံသား IT ပညာရှင် ဝန်ထမ်းဦးရေ ၂၀၀ ခန့်ဖြင့် အတူတူ ဂျပန်လူမျိုး IT ပညာရှင်များဖြင့်အတူတူ ပူးတွဲလုပ်ဆောင်ခဲ့ပါသည်။ ဂျပန်နိုင်ငံ ဘဏ်လုပ်ငန်းစနစ်များ၊ အရောင်းအဝယ်စနစ်များ၊ အင်တာနက် လူမှုကွန်ရက်စနစ်များ စသည်တို့ကို တည်ဆောက်ပြုပြင်ရာတွင် အဓိက တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် လက်ရှိအလုပ်လုပ်ကိုင်နေသော လုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး ဂျပန်နိုင်ငံတွင် Business Intelligence စနစ်ကို လုပ်ဆောင်သော လုပ်ငန်းများနှင့် ပူးပေါင်းကာ ၃နှစ်ခန့် System Engineer/Manager တစ်ယောက် အဖြစ် အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစတင်ကာ General Manager တစ်ဦးအဖြစ် Oversea Strategy Division ကို တာဝန်ယူကာ လုပ်ငန်းခွဲများရှိသော မြန်မာနိုင်ငံအပါအဝင် ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် စသောနိုင်ငံများသို့ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လိုသော ဂျပန်လုပ်ငန်းရှင်များကို အကူအညီပေးသောအလုပ်ကို တာဝန်ထမ်းဆောင်နေပါသည်။ အထူးသဖြင့် ဂျပန် IT လုပ်ငန်းရှင်များအား မြန်မာ IT လူငယ်ပညာရှင်များ၏ စွမ်းဆောင်ရည်များကို မိတ်ဆက်ပေးပြီး ဂျပန်လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ ပိုမို သွားရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သော မြန်မာ IT လူငယ်ပညာရှင်များ ပိုမို များပြားလာစေရန်လည်း လုပ်ဆောင်နေပါသည်။)**

# စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက် အပိုင်းနှစ်ပိုင်းခွဲခြားရှုမြင်ပြီး ဆောင်ရွက်ကြရမည်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၇) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နှစ်ကုန် ခန့်မှန်းခြေအရ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ လာမည့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အဓိကအားဖြင့် နိုင်ငံ၏ GDPကို ခုနစ်ရာခိုင်နှုန်း တိုးတက်ရန်နှင့် လူတစ်ဦးစီ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို ကျပ် ၁၇သိန်းကျော် ရရှိရန် မျှော်မှန်းထားသည်ကို တွေ့ရှိရကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ခန်းမ၌ကျင်းပစဉ် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး မျှော်မှန်းချက်၊ ရည်မှန်းချက်ဖြင့် မူဝါဒ ၁၂ ရပ်ကို ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ချမှတ်ထားပြီးဖြစ်သည့် စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို စီးပွားရေးကဏ္ဍအလိုက် တာဝန်ခံပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသတာဝန်ခံ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ မျှော်မှန်းချက်များဖြင့် ဖြည့်ဆည်းပေးရန် နိုင်ငံတော်က ချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများနှင့် ပေါင်းစပ်ရေးဆွဲ တင်ပြခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်းများကို ပြည်ထောင်စု အစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်လိုက်လျောညီထွေရှိမည့် ဒေသန္တရ စီမံကိန်းများဖြစ်စေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပထမ ခြောက်လပတ်အတွင်း စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့မှုကို အားလုံးအသိဖြစ်ပါကြောင်း၊ အထူးသဖြင့် လယ်ယာသီးနှံများ အထွက်ကျဆင်းခြင်း၊ ပို့ကုန်ဈေးနှုန်းများကျဆင်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနှေးကွေးခြင်းသည် အဓိကအကြောင်းရင်းများ ဖြစ်ခဲ့ပါကြောင်း၊ ထို့ပြင်ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး ဂယက်များသည်လည်း မိမိတို့နိုင်ငံ၏စီးပွားရေးကို အနည်းနှင့်အများဆိုသလို ရိုက်ခတ်လျက်ရှိပါကြောင်း။

စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများအတွက် လတ်တလော လိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် လိုအပ်ချက် အပိုင်းနှစ်ပိုင်း ခွဲခြားရှုမြင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလောဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံကိန်းကြီးများကို နိုင်ငံတော်၏ခွင့်ပြုနိုင်မည့် ဘတ်ဂျက်ဘောင်အတွင်းက ပေါင်းစပ်ရေးဆွဲကြရန်လိုကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို



အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

လည်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ/မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ/မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ရန် လိုအပ်သည့်အပြင် ပြည်ထောင်စုအစိုးရ၏ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် စိစစ်ပြီး အကြံပြုဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံတိုးတက်ရန်အတွက် စီးပွားရေးတိုးတက်မှုသာမက အခြေခံ အဆောက်အအုံ တိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှု၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ဂေဟစနစ်များ မပျက်စီးစေရေး စသည်တို့ကိုပါ ရည်မှန်းချက်များချမှတ်ပြီး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုမှာ တည်ငြိမ်အေးချမ်းသာယာခြင်း၊ ပြည်သူများ စည်းလုံးညီညွတ်ခြင်းတို့အပေါ် မူတည်နေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များဖော်ဆောင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတခြင်း၊ ပြည်သူများရရှိခံစားနိုင်သည့် လူမှု၊ စီးပွား ဖြစ်ထွန်းပေါ်ပေါက်စေသည့် လုပ်ငန်းစဉ်များကိုလည်း ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့၏ အမျိုးသားစီမံကိန်းများ သည် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ရေရှည်၊ ရေတိုအကျိုးအတွက် ထိထိ ရောက်ရောက် မှန်မှန်ကန်ကန် အကောင်အထည်ဖော်နိုင်သည့် စီမံကိန်းများဖြစ် ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် မှန်ကန်မှု၊ တိကျမှုရှိရမည်ဖြစ်ပြီး ပြုလွယ်ပြောင်းလွယ်နိုင်သည့် အနေအထားရှိရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ စီးပွားရေး၊ မြန်မာ့စီးပွားရေးသည် တစ်ရက်နှင့်တစ်ရက် မမျှော်မှန်းနိုင်လောက် အောင် ပြောင်းလဲတတ်ပါကြောင်း၊ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ မိမိတို့၏ စီမံကိန်းများကိုလည်း ပြုပြင်ပြောင်းလဲနိုင်သည့် အခြေအနေဖြစ်ရန် အရေးကြီးပါကြောင်း။

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အစိုးရအဖွဲ့အတွင်း ပူးပေါင်း ဆောင်ရွက်မှုသည်လည်း အင်မတန်မှအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တချို့ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ရန် အရေးကြီး ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အမြင်ချင်းမတူညီမှုများကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းအဖြေရှာကြရန် အရေးကြီးပါကြောင်း၊ တချို့စီမံကိန်းများသည် နိုင်ငံတကာနှင့်ပတ်သက်သည့် စီမံကိန်းများဖြစ်သည့်အတွက် မှန်မှန်ကန်ကန် တိတိကျကျမြင်နိုင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဖွံ့ဖြိုးရေးစီမံကိန်းဆိုသည် မှာ ကိုယ်ပိုင်ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံပိုင်ဖြစ်သည့် ပုံစံဖြင့် နိုင်ငံသား များ၏ လိုအပ်ချက်အရ စီမံကိန်းများကို ရေးဆွဲပြီးသည့်အခါ မိမိတို့နှင့်အတူ လက်တွဲလုပ်ကိုင်မည့် အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် မှန်မှန်ကန်ကန် နည်းလမ်းကျကျ ဆောင်ရွက်နိုင်ရန်လည်း အရေးကြီးပါကြောင်း။

နောက်ဆုံးအဆင့်တွင် အမျိုးသားစီမံကိန်းများကို လွှတ်တော်သို့ တင်ပြရမည် ဖြစ်ပါကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်ပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိပြုရန် လိုအပ်ပါကြောင်း၊ သဘောတူညီချက်ရမှ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါ ကြောင်း၊ လွှတ်တော်၏တာဝန်သည် မိမိတို့၏အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို လိုအပ်သလိုညှိနှိုင်းပြီး ထိန်းကွပ်သွားရန်ဖြစ်ပါကြောင်း၊ မိမိတို့ကလည်း လွှတ်တော်ကို အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ကို သုံးနေပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်သို့တင်ပြသည့်အခါတွင် လွှတ်တော်ကိုယ်စားလှယ် များ မေးမည့်မေးခွန်းများကို ကြိုတင်ခန့်မှန်းထားရန် လိုအပ်ပါကြောင်း၊ သို့မှ သာ လွှတ်တော်သို့တင်ပြသည့်အခါ မိမိတို့စီမံကိန်းများအတွက် လွှတ်တော်၏ သဘောတူညီမှု ရရှိမည်ဖြစ်ကြောင်း။

တချို့ကိစ္စရပ်များတွင် လွှတ်တော်၏ ထောက်ပြမှုများမှာ မှန်ကန်မှုရှိနိုင်ပါ ကြောင်း၊ ထောက်ပြမှုမှန်ကန်ပါက မိမိတို့လက်ခံရမည်ဖြစ်ပါကြောင်း၊ အစိုးရ အဖွဲ့က ရေးဆွဲထားသည့် စီမံကိန်းများသည် မှန်ကန်ပြီး တိကျသည်ဆိုသည့် စိတ်ဓာတ်ဖြင့်ဆောင်ရွက်၍ မရပါကြောင်း၊ လွှတ်တော်၏တာဝန်နှင့် လုပ်ပိုင်ခွင့် အရ ဝေဖန်မည်၊ အကြံပြုမည်၊ ခွင့်ပြုနိုင်သည်များလည်း ရှိမည်ဖြစ်ပြီး ခွင့်မပြု ခြင်းများလည်း ရှိနိုင်ပါကြောင်း၊ မိမိတို့သည် လွှတ်တော်၏ ဝေဖန်အကြံပြုချက် များကို ပြုလွယ်ပြောင်းလွယ်ရန် လိုအပ်ပါကြောင်း၊

**စာမျက်နှာ ၉ သို့**

◆ **ကချင်ပြည်နယ်မှ**

အလွန်သာယာလှပတဲ့ သဘာဝပတ်ဝန်းကျင်တွေကို ပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ အသက်သွေးကြောလို့ ဆိုနိုင်တဲ့ ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုသာယာလှပပြီး သယံဇာတတွေ ပေါများကြွယ်ဝတဲ့ ကချင်ပြည်နယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် သဘာဝအလှအပတွေကိုလည်း မခံစားနိုင်၊ သယံဇာတတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက် မသုံးနိုင်ဘဲ ဖြစ်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာလည်း နယ်မြေတည်ငြိမ်အေးချမ်းမှုသာ ဒေသအသီးသီး၊ ကဏ္ဍအသီးသီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာလည်းဖြစ်ပါတယ်။ ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ငြိမ်းချမ်းရေးရဲ့အရသာကို သိရှိခဲ့ကြပြီးဖြစ်သလို ယခုအခါမှာလည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ငြိမ်းချမ်းရေးအမြန်ဆုံးရရှိရန်မှာလည်း ပြည်သူတစ်ရပ်လုံးရဲ့ ကြီးမားတဲ့ဆန္ဒဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ အတိတ်သမိုင်းက မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ရေရှည်တည်တံ့မယ့်၊ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ စိတ်ရင်းစေတနာအမှန်နဲ့ ကြိုးစားကြမှသာ ပဋိပက္ခနွံ့ကနေ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့ထိ နေပြည်တော်မှာ စတင်ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ညီလာခံရဲ့ အန္တိမရည်မှန်းချက်ကတော့ ပြည်တွင်းငြိမ်းချမ်းရေးကတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ရည်ရွယ်ထားရှိပြီး နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖို့နဲ့ တိုင်းရင်းသားများရဲ့ အခြေခံအခွင့်အရေး၊ တန်းတူညီမျှရေးတို့အတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးအဖြေရှာဖို့ပဲဖြစ်ပါတယ်။

ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိစေရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတစ်ရပ်လုံး အောင်မြင်စေဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစိုးရနဲ့အတူ လက်တွဲပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ပေးကြဖို့ လိုအပ်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီကနေ့ ဒီအချိန် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ကချင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယမှာ ကချင်ပြည်နယ်သူ ပြည်နယ်သားအပေါင်း ငြိမ်းချမ်းသာယာပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

○ စာမျက်နှာ ၈ မှ

အစိုးရအဖွဲ့အချင်းချင်းအကြားတွင်လည်း ညှိနှိုင်းမည်၊ ပူးပေါင်းဆောင်ရွက်မည်၊ လွှတ်တော်ကလည်း ယခုစီမံကိန်းများကို လက်ခံမည်ဆိုပါက မိမိတို့ အမျိုးသားစီမံကိန်းကော်မရှင်၏ တာဝန်များ တော်တော်များများ ကျေပွန်သည်ဟု သတ်မှတ်နိုင်ပါကြောင်း၊ မိမိတို့၏စီမံကိန်းများသည် ပထမဦးဆုံး နိုင်ငံတော်အား အကျိုးပြုသည့် စီမံကိန်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ စီမံကိန်းများအောင်မြင်ရန်အတွက် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ လက်ခံနိုင်အောင် မိမိတို့ တင်ပြနိုင်ရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကပေးသည့် အကြံဉာဏ်များကိုလည်း လေးလေးနက်နက် သေသေချာချာ စဉ်းစားပြီး ပြုသာပြောင်းသာသည့် စီမံကိန်းမျိုးဖြစ်မည်ဆိုပါက မိမိတို့၏ရည်မှန်းချက်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ပါ ဒေသအလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက စီမံကိန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အား အကျိုးပြုသည့် စီမံကိန်းများဖြစ်ရန် အရေးကြီးသကဲ့သို့ ယခင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အကျိုးမဖြစ်ထွန်းသည့် စီမံကိန်းများကို တတ်နိုင်သမျှ ဆောလျင်စွာ မည်သို့ဆောင်ရွက်သွားမည်ကို မူလရည်မှန်းချက်တွင်ပါရှိပါကြောင်း၊ ယင်းစီမံကိန်းများကို မည်သို့ လျှော့ချသွားမည်၊ ဖျက်သိမ်းသွားမည်၊ လက်တွဲသွားမည်ဆိုသည်ကို အလေးပေး စဉ်းစားကြစေလိုကြောင်း၊ လုပ်ငန်းတစ်ခုလုပ်ကိုင်ရာတွင် ဖြစ်နိုင်စွမ်း ရှိ၊ မရှိ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်သူအတွက် အကျိုးရှိ၊ မရှိကို လေ့လာရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတကို ထိခိုက်မှုအကျိုးအပြစ် ရှိ၊ မရှိကို သေချာစဉ်းစားထားရန် လိုအပ်ပါကြောင်း၊ အလုပ်တစ်ခုလုပ်ကိုင်မည်ဆိုပါက ယင်းအလုပ်နှင့် ဆက်နွယ်သည့်ကိစ္စရပ်များကို ရေရှည်အတွက် စဉ်းစားထားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ လုပ်ကိုင်ရာတွင် မှန်မှန်ကန်ကန် စေတနာထားပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် အများစုကြုံနေရသည်မှာ ယခင်က ဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို ဆက်ပြီးဆောင်ရွက်ပေးနေရပါကြောင်း၊ ယင်းအပိုင်းကိုလည်း တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပြီး မလုပ်နိုင်သည့်ကိစ္စရပ်များကိုလည်း ရပ်ဆိုင်းရမည်ဖြစ်ပါကြောင်း၊ မိမိတို့လက်ထက်တွင် ဆောင်ရွက်သည့် စီမံကိန်းများကိုလည်း ယခင်ကမှားသည့်အမှားမျိုး မမှားအောင်၊ လိုအပ်ချက်များမဖြစ်အောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။


ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ယခုအစိုးရသစ်လက်ထက်တွင် ပထမဆုံးရေးဆွဲထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ချပြညှိနှိုင်းပြီး စီမံကိန်းကော်မရှင်တွင် အတည်ပြုချက်ရယူမည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအစိုးရဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်စုဆောင်းခဲ့သည့် လစာငွေများမှ ငွေကျပ်သိန်း ၂၀၀၀ ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအစိုးရဝန်ကြီးများ၏ လစဉ်စုဆောင်းခဲ့သည့် လစာငွေများအနက်မှ ငွေကျပ်သိန်း ၂၀၀၀ ကို အစိုးရက ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)၌ ပြုလုပ်သည်။



အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက အလှူငွေကျပ် သိန်း ၂၀၀၀ ကို ပေးအပ်ရာ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံသည်။

ထိုသို့ လှူဒါန်းမှုနှင့်ပတ်သက်၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကိုယ်စား နာယက သူရဦးတင်ဦးက "ကျွန်တော်တို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုအတွက် ရည်စူးပြီး ငြိမ်းချမ်းရေးကို အကြောင်းပြုပြီး လှူဒါန်းရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအစိုးရဝန်ကြီးများ၏ လစာငွေများမှ ၂၅ ရာခိုင်နှုန်းကို လစဉ် စုဆောင်းခဲ့သည့်အနက်မှ ယခုကဲ့သို့ ငွေကျပ်သိန်း ၂၀၀၀ ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# အောင်ဗလကျေးရွာနှင့် ကညင်ချောင်းကျေးရွာတို့သို့ ဆန်နှင့် ပဲ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မောင်တော ဇန်နဝါရီ ၉**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု အောင်ဗလကျေးရွာနှင့် ကညင်ချောင်းကျေးရွာတို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများက ဆန်နှင့်ပဲ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်ဗလကျေးရွာ ဘုန်းကြီးကျောင်းတွင် ပြုလုပ်ခဲ့သည်။



အောင်ဗလကျေးရွာနှင့် ကညင်ချောင်းကျေးရွာတို့တွင် အိမ်ထောင်စု ၉၂ စု လူဦးရေ ၅၀၀ ကျော်ခန့်ရှိပြီး တစ်အိမ်ထောင်စုလျှင် ဆန် ခြောက်ပြည်နှုန်းနှင့် ပဲ ၅၀ ကျပ်သားနှုန်း စုစုပေါင်း ဆန် ၂၃ အိတ်နှင့် ပဲ ၄၆ ပိဿာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"အခုလို စားဝတ်နေရေးအတွက် တကယ်လိုအပ်တဲ့အချိန်မှာ နိုင်ငံတော်အစိုးရက လာရောက်ထောက်ပံ့ပေးတဲ့အတွက်ကြောင့် ရပ်ရွာပြည်သူတွေကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်" ဟု အောင်ဗလကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောသည်။

အဆိုပါကျေးရွာများရှိ ၇၅ ရာခိုင်နှုန်းသော ပြည်သူများသည် အဓိကအားဖြင့် ရေလုပ်ငန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြသူများကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက် လုံခြုံရေးအရ ရေလုပ်ငန်းလုပ်ကိုင်ခွင့်မရကြသည့်အတွက် စားဝတ်နေရေးအတွက် အခက်အခဲများ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**(ကိုမင်း)**

# ကော့ပေါက်ကျေးရွာ ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဇန်နဝါရီ ၉**

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ကော့ပေါက်ကျေးရွာတွင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို စမ်းရေကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းနေရာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်လွင်နှင့် အင်ဂျင်နီယာအဖွဲ့ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း ပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# စစ်တွေမြို့၌ NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်

**စစ်တွေ ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ National Electronic ID (NeID) အထောက်အကူပြု စာရင်းကောက်ယူခြင်း လုပ်ငန်း ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံ တိုင်းရင်းသားများအား အိမ်ထောင်စု စာရင်းပါအမည်နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းကို ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီ IT နည်းပညာများဖြင့် အသုံးပြု၍ လုပ်ဆောင်ပေးကြသည်။

အဆိုပါ (NeID) အထောက်အကူပြု ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လုပ်ငန်းဆောင်ရွက်ပေးမှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ့ရွှေဈေးကွက် တည်ငြိမ်မှုမရှိအောင် ကောလာဟလသတင်းများ ထုတ်လွှင့်မှုရှိနေ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက် အချက်အချာကြသည့် ရန်ကုန်မြို့တွင် ရွှေဈေးကွက်မတည်ငြိမ်အောင် အများပြည်သူတို့ ယုံမှားသံသယဖြစ်စေမည့် ရွှေဈေးကွက်ပျက်ပြားစေမည့် မမှန်သတင်းများ ထုတ်လွှင့်ဖြန့်ချိလျက်ရှိသည်ကို သတိဖြင့် ဆောင်ရွက်ကြရန် ဇန်နဝါရီ ၉ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် အစည်းအဝေးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းနာယက ဦးဘသန်း၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်တို့ပါဝင်သည့် အမှုဆောင်များ တက်ရောက်ပြီး အစည်းအဝေးတွင် လတ်တလောဖြစ်ပေါ်နေသည့် ပုံမှန်မဟုတ်သည့် ရွှေဝယ်လိုအား ဖြစ်ပေါ်နေကြောင်း လုပ်ကြံဖန်တီးပြောဆိုနေခြင်းနှင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရွှေဝယ်လိုအားပမာဏကို ဖော်ပြလျက်ရှိရာ ရွှေလောကသားများအဖို့ သံသယဖြစ်ပေါ်လျက်ရှိသည်များကို ဆွေးနွေးကြသည်။

ရွှေထည်များကို တစ်တန်၊ နှစ်တန်မှအစပြု၍ သုံးတန်အထိ ရသလောက်ဝယ်ယူလိုကြောင်းနှင့် လက်ရှိပေါက်ဈေးနှုန်းထက် ရာခိုင်နှုန်းတိုး၍ပေးမည်ဖြစ်ကြောင်း မက်လုံးပေး၍ ပြောဆိုနေလျက်ရှိသည်။ ထို့အပြင် ရွှေဖြူန်း (ရွှေအကြမ်းထည်)များကိုလည်း ရသလောက်ဝယ်ယူမည်ဖြစ်ကြောင်းလည်း ပြောဆိုနေကြသည်။

အမှန်တကယ်ဝယ်လိုအား တန်ချိန် ခုနစ်တန် ရှစ်တန်ရှိပါက ကမ္ဘာ့ရွှေဈေးကွက်တွင် အလွယ်တကူဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေထုတ်လုပ်ရာ ရွှေမိုင်းတွင်းများသို့ သွားရောက်ခြင်းမပြုဘဲ ဝယ်ရောင်းပြုလုပ်နေသည့် ရွှေဈေးကွက်တွင်ပြောဆိုနေခြင်းသည် ရွှေဈေးကွက်မတည်ငြိမ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယူဆရကြောင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

လတ်တလောဖြစ်ပေါ်နေသည့် သတင်းများအရ ရွှေဈေးကွက်တွင် လိမ်လည်ခြင်းထက် ရွှေဈေးမတည်ငြိမ်ရေးကို ဦးတည်ဆောင်ရွက်နေကြောင်း သိရသည်။ ရန်ကုန်ရွှေဈေးကွက်တွင် တစ်နေ့တာ ပျမ်းမျှ ရွှေ ၁၀ ပိဿာခန့် ဝယ်ရောင်းရှိပြီး အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့် ရွှေဈေးနှုန်းမှာ ကျပ် ၉၀၂၀၀၀ရှိခဲ့သည်။ ရန်ကုန်ရွှေဈေးကွက်တွင် ဈေးဖွင့်ချိန်နှင့် ပိတ်ချိန်တို့တွင် ရွှေဈေးနှုန်းကို ဝယ်လိုအား၊ ရောင်းလိုအားအပေါ်မူတည်၍ နှုန်းရှင်ဖြင့် သတ်မှတ်လျက်ရှိရာ ဇန်နဝါရီ ၉ ရက် ညနေ ဈေးကွက်ပိတ် ချိန်တွင် ရွှေဈေးနှုန်းမှာ ကျပ် ၈၅၆၀၀၀ ရှိကြောင်း သိရသည်။

ယခုဖြစ်ပေါ်နေသည့် မမှန်သတင်းများကို ယုံကြည်မှုမရှိရန်နှင့် ရွှေလုပ်ငန်းရှင်များကို နည်းလမ်းပေါင်းစုံဖြင့် အသိပေးဆောင်ရွက်မည်ဖြစ်ကြောင်း အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။ **(အောင်သူရ)**



# ဥက္ကံသစ်တောကြိုးဝိုင်းတွင် အစွယ်နှင့် နှာမောင်းအဖြတ်ခံရပြီး သေဆုံးနေသည့် တောဆင်ရိုင်းတစ်ကောင်တွေ့ရှိ

**တိုက်ကြီး ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက် ၂၁ မိုင်ခန့်အကွာ ဥက္ကံသစ်တောကြိုးဝိုင်း သစ်တောအမှတ်(၇၆) ဘွက်မြောင် (ဒေသအခေါ်)၌ ဇန်နဝါရီ ၇ ရက်တွင် အစွယ်နှင့် နှာမောင်းအဖြတ်ခံထားရသော တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း ဥက္ကံမြို့ သစ်တောဦးစီးဌာနမှ တောအုပ် သက်နိုင်ဦးထံမှတစ်ဆင့် သိရသည်။

အဆိုပါ သေဆုံးနေသော တောင်ဆင်ရိုင်းသည် (၁၂)နှစ်အရွယ်ရှိပြီး အစွယ်နှင့် နှာမောင်းတို့ အဖြတ်ခံထားရပြီး အမြင့် ခုနစ်ပေ၊ အလျား ခုနစ်ပေခွဲနှင့် လုံးပတ် ကိုးပေရှိကြောင်း၊ ဆင်မုဆိုးများက အဆိပ်မြားဖြင့် ပစ်ထားခြင်းဖြစ်နိုင်ကြောင်း၊ ၎င်းသေဆုံးနေသော တောဆင်ရိုင်းသည် ၁၅ ရက်ခန့်ကြာပြီဖြစ်ကြောင်း ဆင်ဆရာဝန် ဦးဖြိုးသူအောင်က ပြောသည်။

"ကျွန်တော်တို့အဖွဲ့ တောဆင်ရိုင်း သေနေတယ်ဆိုတဲ့သတင်းကို ဒေသခံတွေ သတင်းပေးချက်အရ သွားရောက်ကြည့်တဲ့အခါ တောဆင်ရိုင်းတစ်ကောင် သေနေတာကိုတွေ့တယ်။ မြောင်းကြားထဲမှာ သေနေတယ်။ ကုန်းမြင့်ကနေ လျှောဆင်းလာတဲ့အရာတွေ့တယ်။ ဒဏ်ရာရပြီး ဆင်းလာတာနဲ့တူတယ်။ ပုပ်တော့နေပြီ။ ရှေ့လက်နှစ်ချောင်းက ရှေ့ကိုပစ်ကာ နောက်ခြေနှစ်ချောင်းက ဒူးထောက်ပြီး သေဆုံးနေတာတွေ့ရတယ်။ ဆင်အရေခွံနဲ့ အမြီးတော့ကျန်တယ်။ နှာမောင်းနဲ့ အစွယ်က မရှိတော့ဘူး"ဟု ဥက္ကံသစ်တောဦးစီးဌာနမှ တောအုပ်သက်နိုင်ဦးက ရှင်းပြသည်။

တိုက်ကြီးမြို့နယ်အတွင်း ၂၀၁၅-၂၀၁၇ခုနှစ်အတွင်း ရေဒီယိုကော်လာတပ်ဆင်ထားသော တောဆင်ရိုင်း တစ်ကောင်အပါအဝင် တောဆင်ရိုင်း ၁၁ ကောင် အသတ်ခံရပြီး ၂၀၁၇ ခုနှစ်တွင် ယခုသေဆုံးသည့် တောဆင်ရိုင်းတစ်ကောင် အပါအဝင် ၁၂ ကောင်မြောက် ဖြစ်ကြောင်း၊ ဆင်ခိုးဂိုဏ်းအဖွဲ့ကို ဒီဇင်ဘာ ၁ ရက်က ခြောက်ဦးဖမ်းဆီးခဲ့ရာမှ စစ်ဆေးပေါ်ပေါက်ချက်အရ ဒီဇင်ဘာ ၄ ရက်တွင် တစ်ဦး၊ ဆင်သားခြောက်များနှင့် တူမီးသေနတ် နှစ်လက်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိသူများကို ဥက္ကံနယ်မြေရဲစခန်းတွင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

■

# ယာဉ်တိုက်မှုဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်

**နေပြည်တော် ဇန်နဝါရီ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၈ ရက် ညပိုင်းက ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ တစ်ဦးမှာ ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး ယာဉ်မောင်းတစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ ဇန်နဝါရီ ၈ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၁၇၀)မိုင် ခုနစ်ဖာလုံနှင့် ၁၇၁ မိုင် ဝ ဖာလုံအကြားတွင် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 1G/--- NISSAN LIBERTY နီညိုရောင်ယာဉ်မှာ ယာဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား ကျော်တက်ကာ တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းမကြီး ရဲစခန်းမှ ရဲအုပ်ကျော်ကျော်ပါ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ လ/ထ ဦးစီးမှူး ဗိုလ်ကဲပါတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်းဖြစ်သူမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်လိုက်ပါသူ ဦးမောင်လွင် သာဂရမြို့နေသူတွင် ဦးခေါင်းထိပ်ပေါက်ပြဲ၊ ဝဲမျက်ခုံးပေါက်ပြဲ၊ ဝဲလက်မောင်း ဖူးရောင်ဒဏ်ရာအတွင်း လူနာ(စိုးရိမ်ရ) ရရှိသွားခဲ့ရာ ရေတာရှည်မြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရပြီး ဒဏ်ရာပြင်းထန်သော အခြေအနေကြောင့် တောင်ငူဆေးရုံကြီးသို့ လွှဲပြောင်းကုသထားကြောင်း သာဂရအမြန်လမ်းမကြီး ရဲစခန်းမှ သိရသည်။

"ယာဉ်မောင်းကတော့ စုံစမ်းတုန်းပဲခင်ဗျ။ ဒဏ်ရာရတဲ့သူအခြေအနေကလည်း လောလောဆယ် ပြင်းထန်တော့ ဆေးရုံမှာပဲရှိသေးတယ်။ စိုးရိမ်ရတယ်။ သူ့ကိုတော့ ရေတာရှည်ဆေးရုံကနေ တောင်ငူဆေးရုံကို လွှဲထားပါတယ်"ဟု သာဂရ အမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ယာဉ်မောင်း (စုံစမ်းဆဲ)အား သာဂရအမြန်လမ်းမကြီးရဲစခန်းမှ ယာဉ်(ပ)၁/ ၂၀၁၇၊ ပြစ်မှုပုဒ်မ ၃၃၈/၂၀၂ အရ အမှုဖွင့်ထားပြီး ယာဉ်မောင်းအား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဇန်နဝါရီ ၈ ရက် ည ၈ နာရီခွဲခန့်ကလည်း ပျော်ဘွယ်မြို့နယ် ပေပင်လေး အမြန်လမ်းမကြီး ရဲစခန်းအပိုင်တွင် နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်လွင်ဦး ၃၅ နှစ် ပင်လုံရပ်ကွက် ကလေးမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ်------ (ရွှေလွင်ပြင်) ခရီးသည်တင် ခဲရောင်ယာဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၂၄၈ မိုင် ခုနစ်ဖာလုံအနီးသို့ အရောက်တွင် စက်ချွတ်ယွင်း၍ ရှေ့ကွန်ကရစ်လမ်းစပ်၌ ရပ်ထားသော ယာဉ်မောင်းမျိုးခိုင် ၃၇ နှစ် အမှတ်(၁၈) ဗိုလ်ချုပ်လမ်း ပေါင်းလောင်းစင်ရပ်ကွက် ပခုက္ကူမြို့နေသူ မောင်းနှင်သော ယာဉ်အမှတ်---- ODYSSEY အဖြူရောင်ယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိခဲ့ကြောင်း နေပြည်တော်အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး မှတ်တမ်းအရသိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် ရွှေလွင်ပြင်ခရီးသည်တင် ခဲရောင်ယာဉ်ပေါ် ပါသူများနှင့် ODYSSEY အဖြူရောင် ယာဉ်ပေါ်ပါသူများမှာ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းနှင့် အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေလွင်ပြင်ခရီးသည်တင်ခဲရောင်ယာဉ်မောင်း ကျော်လွင်ဦးအား ပေပင်လေးအမြန်လမ်းမကြီး ရဲစခန်းက ယာဉ်(ပ) ၁/၂၀၁၇၊ ပြစ်မှုပုဒ်မ ၂၇၉ အရလည်းကောင်း၊ အမြန်လမ်းမကြီးပေါ် ရပ်နားထားသည့် ODYSSEY ယာဉ်မောင်း မျိုးခိုင်အား ယာဉ်(ပ)၂/ ၂၀၁၇၊ ပြစ်မှုပုဒ်မ ၁၉ အရလည်းကောင်း အသီးသီး အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ကုန်းကြမ်းမြို့ရှိ တောင်ယာတဲတစ်ခုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကုန်းကြမ်းမြို့အတွင်း တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ကုန်းကြမ်းမြို့၏ မြောက်ဘက် ၉ မိုင်ခွဲခန့်အကွာရှိ တောင်ယာတဲအား ဝင်ရောက်ရှင်းလင်းရာ ဝါးဆစ်ဘူးအတွင်း ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅၀ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက အသေးစိတ်ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာအောင်ဆုနှင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် အောင်မြင်ကြသူများအား စာအောင်ဆုနှင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် အထက (၅)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် သံဃနာယက အဖွဲ့ အတွင်းရေးမှူး မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တအဂ္ဂထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဥက္ကဋ္ဌ ဆရာတော်ကြီး ဘဒ္ဒန္တကဝိန္ဒထံမှ ဩဝါဒကထာကို နာယူကြသည်။ ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းများ၏ သင်တန်းမှူး ဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ပေးပို့သော ဓမ္မဗျူဟာသာသနမာမကအဖွဲ့၏ စာအောင်ဆုနှင်းပွဲသဝဏ်လွှာကို ဆရာမ ဒေါ်နုနုခင်က လျှောက်ထားဖတ်ကြားပြီး ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) ဥက္ကဋ္ဌ ဒေါ်မြအေးစံက သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ထို့နောက် အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်နှင့် သံယုတ်မြန်မာပြန်သင်တန်းများတွင် နေပြည်တော်၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်တို့၌ ထူးချွန်စွာ အောင်မြင်ခဲ့သူ ၃၀ အား ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။ ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်)သည် ၂၀၀၇ ခုနှစ်မှစ၍ အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို နှစ်စဉ် မေလ ပထမပတ် တနင်္ဂနွေနေ့မှစ၍ ဒီဇင်ဘာလအထိ အထက(၅) နေပြည်တော် မြို့မဈေးအနီးတွင် ဓမ္မဒါန သင်ကြားပေးလျက်ရှိပြီး ယနေ့အထိ အဘိဓမ္မာစာမေးပွဲ အောင်မြင်သူ ၄၂၂ ဦး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲအောင်မြင်သူ ၄၁ ဦး၊ ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်သူ ၁၄၇ ဦးနှင့် သံယုတ် မြန်မာပြန်စာမေးပွဲအောင်မြင်သူ ၂၂၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုကိုရွှေ(နေပြည်တော်)**



ဇန်နဝါရီ ၈ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက်လုံးဆိုင်ရာ ပြည်သာယာဓမ္မာရုံ၏ သတ္တမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ(နဝကမ္မ) ကပ်လှူပွဲကို ပြည်သာယာ ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၁၇ တိုက်မှ ပင့်သံဃာ ၂၁၂ ပါးအား စာရေးတံမဲကပ်လှူအပြီး ရပ်ကွက်အတွင်းနေ ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (ကြေးမုံ)

# ဇလုံတောင်ဒေသတွင် ပထမဦးဆုံး လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖွင့်လှစ်

**ဗန်းမောက် ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင် ဒေသတွင် နိုင်ငံခြားသားဧည့်သည် များနှင့် ပြည်တွင်းဧည့်သည်များ အတွက် ပထမဦးဆုံး လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဇန်နဝါရီ လဆန်းမှစတင် ဖွင့်လှစ်ခဲ့ကြောင်း လူထုအခြေပြု ခရီးသွားလုပ်ငန်းမှ ပရောဂျက်မန်နေဂျာ ကိုစိန်ကျော်ဦး က ပြောသည်။

အဆိုပါ ဇလုံတောင်လူထုအခြေပြု ခရီးသွားလုပ်ငန်းကို စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခမိုး၊ ညောင်သာယာ၊ ခိုပြင်ကျေးရွာ သုံးရွာမှ မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"ဇလုံတောင်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီရွာသုံးရွာက အဓိက လမ်းဖောက်တဲ့နေရာမှာ ပါဝင်ခဲ့တာပါ။ အခု ဒီဒေသဖွံ့ဖြိုးတိုးတတ်လာတော့လည်း အကျိုးအမြတ် ပြန်ခံစားလို့ရအောင် အခုလိုလမ်းညွှန်မှုနဲ့ဆောင်ရွက်ခဲ့တာပါ။ ဒေသခံတွေ အနေနဲ့က ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအပိုင်းတွေမှာ အားနည်းနေသေးတဲ့အတွက် ဒီလုပ်ငန်းကရတဲ့ အကျိုးအမြတ်ကို ဒေသဖွံ့ဖြိုးရေးတွေမှာ အဓိကထားအသုံးပြုသွားမှာပါ" ဟု ၎င်းက ပြောသည်။

ကဒူးတိုင်းရင်းသားမျိုးနွယ်စု ရိုးရာ အစားအစာများ၊ ရိုးရာဓလေ့ ယဉ်ကျေးမှုများ၊ ရိုးရာအကများကို လေ့လာနိုင်မည်ဖြစ်ပြီး ကျေးလက်လူနေမှုဘဝမြင့်မားစေရေး၊ သဘာဝ ရေမြေတောတောင်များကို ချစ်မြတ်နိုးစိတ်မြင့်မားစေရေး၊ ရိုးရာအစဉ်အလာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"တိမ်မြုပ်နေပြီဖြစ်တဲ့ ရိုးရာဓလေ့ စရိုက်တွေနဲ့ ရိုးရာအစားအစာတွေ၊ ရိုးရာအကအလှတွေကို ခံစားရမှာဖြစ်ပါတယ်။ နားနေဆောင်တွေကိုလည်း သစ်ဝါးတွေနဲ့ အဓိကထား တည်ဆောက်ထားပါတယ်။ တောင်တက်စက်ဘီးစီးခြင်းကို နှစ်သက်တဲ့သူတွေအတွက် စက်ဘီးတွေ စီစဉ်ပေးထားသလို ဇလုံတောင်ဘုရားကိုလည်း တောလမ်းကနေတစ်ဆင့် တောတောင်ရှုခင်းအလှအပတွေကို ခံစားရင်း လမ်းလျှောက်သွားလို့ရအောင် ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လူထုအခြေပြုလုပ်ငန်းမှ ရရှိလာသည့် အမြတ်ငွေ၏ ၂၀ ရာခိုင်နှုန်းကိုယင်းကျေးရွာများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိစေရေးတို့အတွက် အဓိကထား သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခန္ဓာကိုယ်ဖွံ့ဖြိုးရေးနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းတို့အတွက် အားဖြည့်ဆန်ကို သုံးစွဲသင့်

**ရန်ကုန် ဇန်နဝါရီ ၉**

ကမ္ဘာ့လူဦးရေ နှစ်ဘီလီယံခန့်သည် အာဟာရချို့တဲ့မှုကို ရင်ဆိုင်နေကြရသောကြောင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရေးနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းတို့အတွက် အားဖြည့်ဆန်ကို သုံးစွဲသင့်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

သမားရိုးကျဆန်များနည်းတူ သိုလှောင်ချက်ပြုတ်စားသုံးနိုင်သော အားဖြည့်ဆန်သည် မိမိတို့စားသုံးနေကျဆန်ကို အမှုန့်ကြိတ်ထားပြီး ရရှိလာသော ဆန်မှုန့်၌ ဗီတာမင်နှင့် သတ္တုဓာတ်များရောစပ်ထားကာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားခြင်းဖြစ်သောကြောင့် သမားရိုးကျဆန်များနည်းတူ သိုလှောင်ချက်ပြုတ်စားသုံးနိုင်ကြောင်း သိရသည်။

အားဖြည့်ဆန် စီမံကိန်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်ကာ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းဖူလုံရေးအဖွဲ့၏ ပံ့ပိုးကူညီမှုနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ အာဟာရဌာနနှင့် လက်တွဲကာ အဆိုပါ အားဖြည့်ဆန် စီမံကိန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

PATH အဖွဲ့မှ အားဖြည့်ဆန် စီမံကိန်းဒါရိုက်တာ ဒေါက်တာမျိုးမြင့်အောင်က "နိုင်ငံအတွင်း အာဟာရလိုအပ်ချက်ရှိတဲ့ပြည်သူတွေ လက်ထဲကိုရောက်ရှိဖို့ လူမှု/ကယ်ဆယ်ရေးအသင်းတွေရဲ့အားကိုပဲ ကျွန်တော်တို့က ယူရမှာပါ။ လှူဒါန်းတဲ့နေရာမှာ တကယ်တမ်းဦးဆောင်နေကြတဲ့ NGO အသင်းတွေကို ဖိတ်ခေါ်ထားပါတယ်။ နောက်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်လို့ အရေးပေါ်ကူညီပြီး ဆန်တွေဖြန့်ဖြူးတဲ့အခါမှာ ရိုးရိုးဆန်အစား အားဖြည့်ဆန်ကို ထည့်သွင်းဖြန့်ဖြူးမယ်ဆိုရင် အဲဒီဒေသမှာရှိတဲ့ အာဟာရလိုအပ်ချက်တွေလည်းပြည့်မယ်။ ပြီးတော့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအပြင် လူမှုစောင့်ရှောက်ရေးလုပ်ငန်းတွေဖြစ်တဲ့ နေ့ကလေးထိန်းကျောင်းတွေနှင့် မိဘမဲ့ဂေဟာတွေမှာ ရိုးရိုးဆန်ကျွေးမယ့်အစား အားဖြည့်ဆန်ကိုကျွေးမယ်ဆိုရင် ကလေးသူငယ်တွေရဲ့ ဉာဏ်ရည်လည်းဖွံ့ဖြိုးစေမှာပါ"ဟု ပြောသည်။

အားဖြည့်ဆန်ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၌ အသုံးပြုနိုင်သည့် စက်ပစ္စည်းကိရိယာများကို တင်သွင်းထားကြောင်း၊ လိုအပ်သည့်နည်းပညာပိုင်းများကို PATH အဖွဲ့က ပံ့ပိုးပေးထားကြောင်း၊ ထွက်ရှိလာသည့် အားဖြည့်ဆန် အရည်အသွေးပြည့်မီစေရန်အတွက် အာဟာရဌာနမှ ပညာရှင်များက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း၊ ထွက်ရှိသည့် ဆန်အရည်အသွေးများကို FDA က စိစစ်ဆောင်ရွက်ပေးကာ အသိအမှတ်ပြုတံဆိပ်များ ထုတ်ပေးကြောင်းနှင့် အာဟာရပြည့်ဆန်စေ့တစ်စေ့ကို သမားရိုးကျဆန် ၉၉ စေ့နှင့် ရောစပ်ထားကြောင်း PATH အဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ထုတ်လုပ်နိုင်သည့် ဆန်စက်ရုံပေါင်း ခြောက်ရုံရှိပြီး ထိုအထဲမှ FDA ထောက်ခံချက်ပေးထားသည့်ဆန်စက်ရုံ သုံးရုံရှိကြောင်း၊ ဆန်စက်ရုံ ခြောက်ရုံမှ တစ်လလျှင် အားဖြည့်ဆန် တန်ချိန် ၃၀၀၀ ကျော်ထုတ်လုပ်လျက်ရှိကြောင်းနှင့် လက်ရှိဈေးကွက်အတွင်း၌လည်း တစ်လလျှင် တန်ချိန် ၃၀ ခန့် ဖြန့်ဖြူးနေသော်လည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိစေရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ဈေးနှုန်းမှာလည်း ရိုးရိုးဆန်ဈေးနှုန်းနှင့်စာလျှင် ၁၀ ရာခိုင်နှုန်းသာ ပိုမိုများပြားသည့်အတွက် မည်သူမဆို ဝယ်ယူစားသောက်သုံးစွဲနိုင်ကြကြောင်း PATH အဖွဲ့မှ သိရသည်။

**စိုးဝင်း(MLA)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆွေးနွေးပွဲနှင့် ရန်ပုံငွေပြန်လည်ထုတ်ချေးပေးရန်စည်းဝေး

**ရွှေကူ ဇန်နဝါရီ ၉**

မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေးပွဲနှင့် ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးရန် အစည်းအဝေးကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ရွှေကူ မြို့နယ်အတွင်းရှိ ဟိန်ကောင်ကျေးရွာ၌ ကော်မတီဝင်တစ်ဦး၏အိမ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထနှစ်မှစတင်၍ ယခင်နှစ်များမှ ရရှိခဲ့သည့် အတိုးရငွေများကို ရန်ပုံငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း သုံးစွဲနိုင်ခဲ့ကြောင်း၊ ကော်မတီဝင်များနှင့် ကျေးရွာသူကျေးရွာသားများက အများဆန္ဒပြုစနစ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ခဲ့သည်။ ထို့နောက် မြစိမ်းရောင် ရန်ပုံငွေ အရင်းနှင့်အတိုးများကို ပြန်လည်ထုတ်ချေးပေးရန် ချေးငွေကာလသတ်မှတ်ခြင်း၊ အတိုးနှုန်းသတ်မှတ်ခြင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခဲ့ကြသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀ မန္တလေး(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ကျပ်၊ | ၇၇၀/၇၈၀ကျပ် |

**ရန်ကုန်လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၆.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၄.၃၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၇.၅၉၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀.၃၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၄၆.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၆၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၃.၀၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၃.၁၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မိသားစုဝင်တစ်ဦးနဲ့အတူ ဆုပေးပွဲတက်လှမ်းလာတဲ့ အမ်မာစတုန်း




ယခုနှစ်ရဲ့ (၇၄)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားမှာ ဗြိတိန်နာမည်ကျော် မင်းသမီး အမ်မာစတုန်းနဲ့ အတူတွဲကာ ပွဲတက်လာခဲ့တဲ့သူကတော့ အမ်မာစတုန်းရဲ့မိသားစုဝင်တစ်ဦးဖြစ်တဲ့ မောင်ဖြစ်သူသာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုနှစ်ဆုပေးပွဲကြီးမှာ အသက်(၂၈)နှစ်အရွယ် မင်းသမီး အမ်မာစတုန်းဟာ သူ့ရဲ့ အောင်မြင့်တဲ့ ဟောလိဝုဒ်ရုပ်ရှင် "La La Land" နဲ့ တေးဂီတနဲ့ ဟာသရုပ်ရှင်တွေရဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ဆန်ခါတင် စာရင်းမှာ ပါဝင်ခဲ့တဲ့အတွက် တက်ရောက်ခွင့်ရခဲ့တာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲအခမ်းအနားရဲ့ ကောဇောနီပေါ်ကို အမ်မာစတုန်းက မောင်ဖြစ်သူ စပန်စာစတုန်းနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အမ်မာစတုန်းဟာ သူ့ရဲ့အမည်စာရင်းတင်သွင်းခြင်းခံထားရတဲ့ဆုအတွက် အဆိုပါဆုပေးပွဲညမှာ ရွှေကမ္ဘာလုံးဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

စပန်စာစတုန်းဟာလည်း အနုပညာနယ်ပယ်နဲ့ စိမ်းတဲ့သူတစ်ဦးတော့မဟုတ်ပါဘူး။ သူဟာ ရုပ်ရှင်တွေမှာလည်း ပါဝင်သရုပ်ဆောင်ဖူးသူတစ်ဦးဖြစ်ပြီး အမဖြစ်သူနဲ့အတူ အင်တာဗျူးတွေမှာလည်း ပါဝင်ခဲ့ဖူးသူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်



၂၀၁၇ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ အစီအစဉ်တင်ဆက်သူနှင့် ထူးချွန်ဆုသယ်ဆောင်ပေးသူများ။

# ရွှေကမ္ဘာလုံးဆုပေးပွဲကြီး ကျင်းပပြီးစီး

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဟောလိဝုဒ်ရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကို ပြီးခဲ့တဲ့တနင်္ဂနွေနေ့ညပိုင်းက လော့စ်အန်ဂျလိစ်မှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါတယ်။ အဆိုပါဆုပေးပွဲကြီးမှာ အနုပညာသက်တမ်းတစ်လျှောက် ရွှေကမ္ဘာလုံးဆု ကိုးဆုကို ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျင်မီဖောလန်းက အစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း အေ့စ်ရှိုဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့(၇၄)ကြိမ်မြောက် ဆုပေးပွဲအခမ်းအနားမှာ ဆုအရေအတွက်အများဆုံးသိမ်းပိုက်သွားနိုင်ခဲ့တဲ့ ရုပ်ရှင်ကတော့ တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "La La Land" ဖြစ်ပြီး အဆိုပါရုပ်ရှင်ဟာ ထူးချွန်ဆုပေါင်း ခုနစ်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကာ ရွှေကမ္ဘာလုံးသမိုင်းတစ်လျှောက် ထူးချွန်ဆုအများဆုံးဆွတ်ခူးနိုင်ခဲ့တဲ့ ရုပ်ရှင်ကားတစ်ကားအဖြစ်လည်း သမိုင်းသစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင် "La La Land" မှာ ခေါင်းဆောင်ပါဝင်ထားကြတဲ့ မင်းသား ရှိုင်ယန်ဂေ့ါစ်လင်းနဲ့ မင်းသမီး အမ်မာစတုန်းတို့နှစ်ဦးစလုံးဟာ ဟာသနဲ့ တေးဂီတရုပ်ရှင်တွေရဲ့ အကောင်းဆုံးဇာတ်ဆောင်ဆုတွေကို အသီးသီးဆွတ်ခူးသွားနိုင်ခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ဇာတ်ဝင်တေး "City of Stars" ဟာလည်း အကောင်းဆုံးမူရင်းတေးသီချင်းဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။

ယခုနှစ်ရဲ့ အကောင်းဆုံးရုပ်သံဖန်တီးမှု ရုပ်ရှင်အဖြစ် "Zootopia"က ရွေးချယ်ခံခဲ့ရပြီး အကောင်းဆုံးဒရမ်မာရုပ်ရှင်ဆုကိုတော့ "Moonlight" ရုပ်ရှင်က ဆွတ်ခူးသွားခဲ့ကာ အကောင်းဆုံးဟာသနဲ့ တေးဂီတရုပ်ရှင်အဖြစ် "La La Land"က ရွေးချယ်ခံခဲ့ရကြောင်းလည်း သိရပါတယ်။

# ရွှေကမ္ဘာလုံးဆုပေးပွဲကို တက်ရောက်လာခဲ့တဲ့ ဘရက်ပစ်

လတ်တလောမှာ ဇနီးဟောင်း အန်ဂျလီနာဂျိုလီနဲ့ ကွာရှင်းဖို့ဆောင်ရွက်နေတဲ့ ဟောလိဝုဒ်ကြယ်ပွင့် မင်းသားတစ်ဦးဖြစ်တဲ့ ဘရက်ပစ်ဟာ ၂၀၁၇ ခုနှစ်ရဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကို တက်ရောက်လာခဲ့ပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ ရုပ်ရှင်ထူးချွန်ဆုအတွက် အမည်စာရင်းတင်သွင်းခံထားရခြင်းမရှိတဲ့ ဘရက်ပစ်အနေနဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲ တက်ရောက်လာခဲ့ခြင်းအတွက် ပရိသတ်များအံ့အားသင့်ခဲ့ရပါတယ်။ ဘရက်ပစ်ဟာ သူ့ရဲ့ ကုမ္ပဏီကရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင် "Moonlight" အတွက် မိတ်ဆက်စကားပြောကြားပေးဖို့ တက်ရောက်လာခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဘရက်ပစ်ဟာ အန်ဂျလီနာဂျိုလီနဲ့ ကွာရှင်းဖို့ဆောင်ရွက်နေတဲ့ကာလအတွင်း ယခုလို ပရိသတ်အများရှေ့ပေါ်ထွက်လာခဲ့ခြင်း မရှိသလောက်ရှားခဲ့တာဖြစ်ပါတယ်။ ကွာရှင်းဖို့အတွက် တရားရုံးကိစ္စတွေနဲ့ ကလေးတွေရဲ့ စောင့်ရှောက်ခွင့်ရရှိရေးအတွက် အလုပ်များနေတဲ့ ဘရက်ပစ်ရဲ့ ယခုလိုတက်ရောက်အားပေးမှုဟာ အဆိုပါကာလတွေအတွင်း ဆုပေးပွဲတစ်ပွဲကို ပထမဆုံးအကြိမ်တက်ရောက်ခဲ့ခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။



# ရွှေကမ္ဘာလုံးဆုပေးပွဲသို့ ၂၃ နှစ်အကြာမှ ပြန်လည်တက်ရောက်ခဲ့တဲ့ ဝင်နိုနာရိုက်ဒါ

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့ရှိ ဗီဗာလီဟေးလ်တန်ဟိုတယ်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာတော့ အဆိုပါဆုပေးပွဲကို တက်ရောက်ခြင်းမရှိခဲ့သည်မှာ ၂၃ နှစ်ကြာခဲ့ပြီဖြစ်တဲ့ မင်းသမီး ဝင်နိုနာရိုက်ဒါဟာ ကော်ဇောနီပေါ် ပြန်လည်လျှောက်လှမ်းလာခဲ့ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်ထူးချွန်ဆုပေးပွဲညမှာတော့ အသက်(၄၅)နှစ်အရွယ်မင်းသမီး ရိုက်ဒါက သူ့နဲ့ ကာလအတော်ကြာ လက်တွဲလာခဲ့တဲ့ချစ်သူ စကော့ထ်မက်ကင်လေဟန်နဲ့အတူ တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ယခုနှစ်မှာ ရိုက်ဒါဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ အကောင်းဆုံးအမျိုးသမီးဖျော်ဖြေတင်ဆက်သူဆုအတွက် သူ့ရဲ့ရုပ်ရှင် "Stranger Things" နဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့တာကြောင့် တက်ရောက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ယခုနှစ် ရွှေကမ္ဘာလုံးဆုပေးပွဲတက်ရောက်မှုဟာ ရိုက်ဒါရဲ့ အနုပညာသက်တမ်းတစ်လျှောက် အဆိုပါဆုပေးပွဲကို တတိယအကြိမ်တက်ရောက်ခွင့်ရခဲ့ခြင်းလည်း ဖြစ်ပါတယ်။ သူဟာ ၁၉၉၀ ခုနှစ်က "Mermaids"ရုပ်ရှင်အတွက် ပထမဆုံးအကြိမ်တက်ရောက်ခဲ့တာဖြစ်ပြီး ၁၉၉၄ ခုနှစ်မှာ "The Age of Innocence" ရုပ်ရှင်နဲ့ ဒုတိယအကြိမ်တက်ရောက်ခွင့်ရခဲ့ကာ အဆိုပါနှစ်မှာ ရွှေကမ္ဘာလုံးဆုကို ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၀-၁-၂၀၁၇(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၀ | ဥပဒေရေးရာအဖြာဖြာ "ဥပဒေရှိတယ် သတိထား" |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာနှင့်ကျိန်စာ" (အပိုင်း-၃) |
| ၁း၃၅ | "ဖက်ဖူးစိမ်း" (ပထမပိုင်း) |
| ၂း၃၅ | Yes or No Talk Show |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၆) |
| ၄း၃၅ | Catch Asia News "ဂျပန်သက်ဝင်ကာတွန်းဇာတ်ကောင်များဖြင့် ခရီးသွားလုပ်ငန်းအရှိန်မြှင့်" |
| ၄း၄၅ | "ဖွံ့ဖြိုးမှုပြယုဂ်များဖြင့် သက်သေပြနေသည့်ကျွန်းစု" |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-နန်းမြတ်ဖြိုးသင်း) |
| ၆း၄၅ | "ဖေးကူမနေး ကျန်းမာရေး ဖွံ့ဖြိုးစေချင် နာဂတစ်ခွင်" |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာနှင့်ကျိန်စာ" (အပိုင်း-၄) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၇) -ပြည်သူ့နီတိ "စည်းအသိ တံခါးအသိ" (ဆန်းထွဋ်၊ လွင်ဘုန်းအောင်၊မိုးအိန်ဂျယ်၊ မြမျက်ချယ်) (ဒါရိုက်တာ-မိုးဇော်ကို) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၁၇(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၃၀ | မျိုးချစ်တပ်မတော် |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၁၅ | DVD Hits |
| ၈း၄၅ | ခရီးလည်းသွား စကားလည်းဆို |
| ၉း၁၀ | World Wide Web |
| ၉း၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | English For Everyone |
| ၁၀း၄၅ | ဗေဒါလမ်း |
| ၁၁း၁၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၀၀ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၁၂း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၂၅ | ကျန်းမာသုတ |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၈) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ ပန်းသခင် အပိုင်း(၈၉) |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၁၉) VOA အင်္ဂလိပ်စာသင်ခန်းစာ ဟာသရုပ်စုံ ယနေ့ညအတွက် မြဝတီတေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လက်ခုပ်ထဲကမျက်ရည် အပိုင်း(၂၇) |




## အရန်ခုံတွင်ထိုင်ခိုင်းသည့်ကစားသမား တန်ဖိုးအဆမတန်များပြားနေသည့်အတွက် ပရီမီယာလိဂ်အသင်းများ၏ အက်ဖ်အေဖလားအပေါ် တန်ဖိုးထားမှု မေးခွန်းထုတ်စရာဖြစ်လာခဲ့

ပရီမီယာလိဂ်အသင်းများသည် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များတွင် အဓိက ကစားသမားများကို အရန်စာရင်းတွင် ထည့်သွင်းခဲ့ပြီး အရန်အင်အား တန်ဖိုးကပင် ပေါင်သန်း ၈၀၀ ကျော်ရှိရာ အစဉ်အလာကြီးသည့် ဖလားတစ်လုံးအပေါ် ပရီမီယာလိဂ်အသင်းများ၏တန်ဖိုးထားမှုကို မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ရပ်တည်နေသည့် ထိပ်တန်းခြောက်သင်း၏ အရန်ကစားသမား တန်ဖိုးကပင် ပေါင် ၅၂၁ ဒသမ ၃ သန်းအထိ ရှိနေသည်ကို တွေ့ရသည်။

တန်ဖိုးကြီးကစားသမားများကို အရန်ကစားသမားစာရင်းတွင် ထည့်သွင်းခဲ့သည့် ထိပ်တန်းနေရာကို မန်ယူအသင်းက ဦးဆောင်နေပြီး အရန်စာရင်းတွင် ပါဝင်ခဲ့သည့် ပေါ့ဘာ(ပေါင် ၈၉ သန်း)၊ အမ်ခီတာယန်(ပေါင်သန်း ၃၀) နှစ်ဦး၏ တန်ဖိုးကပင် ပွဲထွက် ၁၁ ယောက်တန်ဖိုးဖြစ်သည့် ပေါင် ၁၅၀ ဒသမ ၅ သန်းနီးပါးရှိနေသည်။ လီဗာပူးအသင်းသည်လည်း ဖာမီနို၊ လာလယ်နာ အပါအဝင် ပေါင် ၁၁၇ သန်း တန်ဖိုးကို အရန်စာရင်းတွင် ထည့်သွင်းခဲ့ပြီး ချယ်လ်ဆီးက ပေါင်သန်း ၁၁၀၊ မန်စီးတီးက ပေါင် ၈၈ ဒသမ ၈ သန်း၊ စပါးအသင်းက ပေါင် ၃၅ ဒသမ ၅ သန်းတို့ကို အရန်စာရင်းတွင် အသီးသီးထည့်သွင်းခဲ့သော်လည်း အာဆင်နယ်အသင်းက အရန်စာရင်းတွင် ပေါင် ၁၉ ဒသမ ၅ သန်းဖိုးသာ ထည့်သွင်းခဲ့သည်။

လီဗာပူးနည်းပြ ဂျာဂန်ကလော့ကမူ သူ့တစ်သက်တာတွင် ယခုလောက် အရန်အင်အားစာရင်း တောင့်တင်းပြီး တန်ဖိုးကြီးသည်ကို မြင်တွေ့ခဲ့ဖူးခြင်း မရှိကြောင်း၊ သို့သော် တန်ဖိုးကြီးကစားသမားများ အရန်ခုံပေါ်ထိုင်နေပြီး အသင်းအား ဝင်ရောက်ကူညီရန် စောင့်ဆိုင်းနေသည့် မြင်ကွင်းကပင် သူ၏ အိပ်မက်ဖြစ်ကြောင်း ဆိုခဲ့သည်။ **(ရွှင်ယန်ဟောဒင်)**

## လာမည့်နွေဈေးကွက်အတွင်း မက်ဆီကို အင်တာမီလန် အရခေါ်ယူမည်

အင်တာမီလန်အသင်းသည် လာမည့်နွေဈေးကွက်မှာပင် ဘာစီလိုနာ စူပါစတား မက်ဆီကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးနှင့် စံချိန်တင်လုပ်ခလစာနှစ်ရပ်လုံး ပေးချေကာ ခေါ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ အင်တာမီလန်အသင်းကို ဝယ်ယူခဲ့သည့် ဆန်းနင်းလုပ်ငန်းစု တရုတ်သူဌေးများက အသင်းကို ပြုပြင်ပြောင်းလဲနိုင်ရန် လိုအပ်သည့် ထိပ်တန်းကစားသမားသစ်များ ဝယ်ယူအားဖြည့်ရန် ငွေကြေး ပုံအောသုံးစွဲပေးမည်ဟု ကတိပြုထားရာ မက်ဆီမှာ အင်တာမီလန်အသင်း၏ ထိပ်တန်းပစ်မှတ်စာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းတစ်ခုတည်းတွင်သာ ကစားနေသူဖြစ်သော်လည်း အင်တာမီလန်က ၎င်းအား ယခုတစ်ကြိမ်ခေါ်ယူရန် ကြိုးပမ်းမှုမှာ ပထမဆုံးအကြိမ်မဟုတ်ဘဲ ၂၀၀၆ ခုနှစ်တွင် မက်ဆီအားခေါ်ယူရန် အကြိုသဘောတူညီချက်ပင် ရရှိခဲ့ကြောင်း အင်တာမီလန်အသင်းအကြံပေး ဆွာရက်ဇ်၏ ပြောကြားချက်အရ သိရသည်။ ၂၀၀၆ ခုနှစ် ဝန်းကျင်ကာလက ဘာစီလိုနာ တိုက်စစ်ပိုင်းတွင် ဒေကို၊ အီတူး၊ ရိုနယ်လ်ဒင်ဟိုတို့ရှိနေသဖြင့် မက်ဆီမှာ အရန်ကစားသမားအဖြစ်ရှိနေဆဲကာလဖြစ်ရာ မက်ဆီက အင်တာမီလန်၏ ကမ်းလှမ်းချက်ကို အကြိုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါကိစ္စရပ်ကို ဘာစီလိုနာဥက္ကဋ္ဌဟောင်း လာပေါ်တာကလည်း အတည်ပြုခဲ့ပြီး မက်ဆီအား ဘာစီလိုနာမှ ထွက်ခွာခွင့်ပေးဖြစ်လျှင်ပင် ပြန်လည်ဝယ်ယူခွင့်အချက်ကို ထည့်သွင်းချုပ်ဆိုပြီးမှ ရောင်းချရန် စီစဉ်ခဲ့ဖြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာမီလန်အသင်းအနေဖြင့် ပထမအကြိမ် ကြိုးပမ်းမှုလွဲချော်ခဲ့သော်လည်း ယခုအချိန်တွင်မူ မက်ဆီ ရရှိရေး အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ရာ လာမည့် နွေဈေးကွက်တွင် အပြီးသတ်ခေါ်ယူနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ **(ရွှင်ယန်ဟောဒင်)**



## ရွန်းနီး၏ ဂိုးသွင်းစံချိန်ကို ရက်ရှ်ဖို့ဒ်ကျော်ဖြတ်သွားနိုင်ဟု မော်ရင်ဟိုယုံကြည်နေ

မန်ယူအသင်း၏ လူငယ်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ဘော်ဘီချာတန်နှင့် ရွန်းနီးတို့ကိုကျော်ဖြတ်ကာ မန်ယူအသင်း၏ စံချိန်တင်ဂိုးသွင်းရှင်တစ်ဦးဖြစ်လာနိုင်ကြောင်း နည်းပြ မော်ရင်ဟိုက ၎င်း၏ယုံကြည်ချက်ကို ဖွင့်ဟပြောကြားလိုက်သည်။

တိုက်စစ်မှူး ရွန်းနီးသည် မန်ယူအသင်းက ရက်ဒင်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် တစ်ချိန်က မန်ယူအသင်း၏ ဂိုးသွင်းရှင်ဖြစ်ခဲ့သည့် ဘော်ဘီချာလ်တန်၏ သွင်းဂိုး ၂၄၉ ဂိုးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

"ရက်ရှ်ဖို့ဒ်က အသက်(၁၉)နှစ်ပဲရှိသေးတယ်။ သူ့ရဲ့ဘောလုံးသမားဘဝကို မန်ယူမှာပဲ အဆုံးသတ်မယ်ဆိုရင်တော့ ဘော်ဘီချာလ်တန်နဲ့ ရွန်းနီးတို့ကို ကျော်ဖြတ်နိုင်မှာပါ။ ဒါပေမယ့် အခုလက်ရှိတော့ ရွန်းနီးက သွင်းဂိုး ၂၄၉ ဂိုးအထိ သွင်းထားပါတယ်"ဟု မော်ရင်ဟိုက ဆိုသည်။

မန်ယူအသင်းနှင့် ရက်ဒင်းအသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး လက်ရှိ မန်ယူအသင်းတွင် ၁၄ ဂိုးသွင်းယူထားနိုင်ခဲ့ခြင်းကြောင့် ဘော်ဘီချာလ်တန်နှင့် ရွန်းနီးတို့၏ ဂိုးသွင်းစံချိန်တင်လမ်းကြောင်းပေါ်သို့ ရောက်လာမည့်ကစားသမားတစ်ဦးအဖြစ် ယုံကြည်ထားကြောင်း မော်ရင်ဟိုက ဆိုသည်။ **(ငွေကြယ်)**

## အာဆင်နယ်နှင့် အိုဇေးလ်အနာဂတ် ဝင်းဂါး အပေါ်တွင်သာ အလုံးစုံမှီတည်နေ

အာဆင်နယ်တွင် ဝင်းဂါး မန်နေဂျာအဖြစ် ဆက်ရှိနေလျှင်မိမိလည်း စာချုပ်သစ်လက်မှတ်ရေးထိုးမည်ဟု အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်က အတည်ပြုပြောကြားခဲ့သည်။ အိုဇေးလ်က အာဆင်နယ်နှင့် စာချုပ်သစ် လက်မှတ်ရေးထိုးမှုကိစ္စရပ်သည် အာဆင်နယ်တွင် ဝင်းဂါး ဆက်ရှိ၊ မရှိဆိုသည့် အပေါ်တွင်သာ မူတည်ကြောင်း ဆိုခဲ့သည်။

အာစင်ဝင်းဂါးနှင့် အာဆင်နယ်တို့ စာချုပ်သည် ခြောက်လသက်တမ်းသာ ကျန်ရှိတော့သော်လည်း ဝင်းဂါးက သူ၏ အနာဂတ်ကိစ္စရပ်ကို နွေဦးကာလနှောင်းပိုင်းမှသာ စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။ အိုဇေးလ်က အာဆင်နယ်တွင် ပျော်ရွှင်မှုရရှိနေပြီး စာချုပ်သစ် လက်မှတ်ရေးထိုးရန် အဆင်သင့်ပင်ဖြစ်သော်လည်း စာချုပ်သစ်ကိစ္စရပ်သည် ဝင်းဂါး၏ အခြေအနေပေါ်တွင် အလုံးစုံ မှီတည်နေကြောင်း ဆိုသည်။

အိုဇေးလ်က "ကျွန်တော် အာဆင်နယ်မှာ အင်မတန်ပျော်ရွှင်နေသလို ကျွန်တော့်ဘက်က စာချုပ်သစ်လက်မှတ်ရေးထိုးဖို့ အဆင်သင့်ပဲဆိုတာလည်း အားလုံးကို သိစေချင်ပါတယ်။ ဒါပေမယ့် နည်းပြရဲ့အနာဂတ်ကိစ္စရပ်ကို ရှင်းရှင်းလင်းလင်းသိပြီးမှသာ ကျွန်တော်လည်း ဆုံးဖြတ်နိုင်မှာပါ" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုဇန်နဝါရီကာလအတွင်း ကစားသမားသစ်များ ခေါ်ယူခြင်းထက် လက်ရှိကစားသမားများ စာချုပ်သစ်ချုပ်ဆိုရေးကို အလေးထားမည်ဟု ပြောကြားထားပြီးနောက် အိုဇေးလ်က ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။သို့သော် သတင်းရင်းမြစ်များ၏ အဆိုအရ အိုဇေးရော ဆန်းချက်ဇ်ပါ တစ်ပတ်ပေါင် ၃၀၀၀၀၀ ပေးချေရန် တောင်းဆိုထားသောကြောင့် အာဆင်နယ် ဂန်နာဝင်တိုက်စစ်မှူး သီယာရီ အွန်နရီကပင် ၎င်းတို့နှစ်ဦးလုံး ငွေနောက်လိုက်ပြီး ကလပ်အသင်းကို မနိုင်ဝန်ထမ်းခိုင်းနေသည်ဟု စွပ်စွဲခဲ့သည်။**(ရွှင်ယန်ဟောဒင်)**

# ဂျူဗင်တပ်အသင်း အိမ်ကွင်း ၂၆ ပွဲ ဆက်တိုက်နိုင်ပွဲရရှိသည့် စံချိန်တင်နိုင်ခဲ့

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် အီတလီစီးရီးအေ ပွဲစဉ်(၁၈)တွင် ဘိုလော့နာအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အိမ်ကွင်း ၂၆ ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့သည့်စံချိန်တစ်ရပ် တင်နိုင်ခဲ့ပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ဘိုလော့နာအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပွဲကစားချိန် ၇ မိနစ်တွင် တိုက်စစ်မှူး ဟီဂူအင်သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် အိမ်ကွင်းတွင် အဖွင့်ဂိုးရရှိခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ၄၁ မိနစ်တွင် ဒိုင်ဘာလာက ပင်နယ်တီသွင်းဂိုးမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့သည့်သွင်းဂိုးတစ်ဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် ပထမပိုင်းပွဲချိန်အပြီးတွင် ဂျူဗင်တပ်အသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့ပြင် ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်တွင် တိုက်စစ်မှူး ဟီဂူအင်ကပင် ဂျူဗင်တပ်အသင်းအတွက် တတိယမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့ပြီးနောက် ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရသည့် ဘိုလော့နာအသင်းအနေဖြင့် ချေပဂိုးပြန်လည်မသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ဂျူဗင်တပ်အသင်းက ဘိုလော့နာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးအထိသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဟီဂူအင်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ကစားခဲ့သည့်နောက်ဆုံးခြောက်ပွဲတွင် ခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်တွင် ၁၆ ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် အဆိုပါနိုင်ပွဲရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ၁၉ ပွဲအထိကစားထားသည့် ဒုတိယနေရာမှ ရိုးမားအသင်းကို လေးမှတ်ဖြတ်ကာ တစ်ပွဲလျော့အနေအထားဖြင့် အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။ ဂျူဗင်တပ်အသင်းသည် ဘိုလော့နာအသင်းအား အိမ်ကွင်း၌ အနိုင်ရရှိခဲ့ခြင်းကြောင့် အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတွင် အိမ်ကွင်းပွဲစဉ် ၂၆ ပွဲဆက်တိုက် အနိုင်ရရှိခဲ့သည့် ပထမဆုံးအသင်းလည်း ဖြစ်လာခဲ့သည်။ **(ငွေကြယ်)**



# "ဝမ်းမြောက်ဂုဏ်ယူပါသည်ဘုရား"

လောကီ၊ လောကုတ္တရာ အကျိုးတရားများ တိုးပွားအောင် ဆောင်ရွက်တော်မူလျက်ရှိသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ ကျေးဇူးတော်ရှင်သီတဂူဆရာတော်ကြီး ၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအား တို့ကို ပူဇော်ဂုဏ်ပြုသောအားဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဂုဏ်ပြုဘွဲ့တံဆိပ်ဖြစ်သော **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဆရာတော်ကြီး ၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအား တို့နှင့် ထိုက်တန်သော ပူဇော်ဂုဏ်ပြုမှုအတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းပါဘုရား။

သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်နှင့် တပည့်သံဃာတော်များ
ကျောင်းဒါယကာ၊ ဒါယိကာမများ

**ရွှေထူးလှိုင်**
Ph: 09 450044494, 09 450044496

**United** (နှစ်ကူးအထူး Promotion)
(၃၁.၁.၂၀၁၇ ထိ)

| | | | |
|---|---|---|---|
| 8mm | မှန်ကြည် | 6′ x 8′ | 45500 |
| 5mm | မှန်ကြည် | 6′ x 8′ | 22500 |
| 4mm | ဆိုလာစိမ်း | 65″x84″ | 19500 |

အနောက်မြင်းပြိုင်ကွင်းလမ်း (တာမွေအဝိုင်းအနီး)
Ph:09-73119388, 09-5109723, 09-795522066

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈အေ၊ မြေကွက်အမှတ်-၄၈အေ၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်စိန်၊ ဧရိယာ(၀. ၇၄၅)ဧကအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့မှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်သွားရန် နိုင်ငံတော်သမ္မတရုံး လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ၏ ၁-၁၂-၂၀၁၅ရက်စွဲပါ စာအမှတ်- ၈၇(ဇ-လ/၃၆)(၁/၇) သမ္မတရုံးဖြင့် အကြောင်းကြားထားခဲ့ကြောင်း၊ ၎င်းအကြောင်းကြားလာမှုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာနတို့နှင့် မြေရှင်ကိုယ်စားအထွေထွေကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်ကေခိုင်ရွှေတို့မှ ဘိုးဘွားပိုင်မြေ၊ (၀. ၄၅၅)ဧက ပြန်လည်ပေးအပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာများ လှူဒါန်းဆောက်လုပ်ပေးခြင်းသဘောတူ စာချုပ်အား ၂၀၁၆ခုနှစ်၊ မတ်လ ၁၁ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါမြေနေရာကို ၃၀-၃-၂၀၁၆ရက်စွဲပါ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြေရှင်ကိုယ်စား ဒေါ်ကေခိုင်ရွှေတို့မှ မြေတိုင်းရပ်ကွက်အမှတ် ၂၈အေ၊ မြေကွက်အမှတ် (၄၆+၄၈+၄၈အေ)၊ မြေပေါ်ရှိ(၀. ၂၇၅)ဧကအား ဒေါ်ခင်ခင်မြပါ (၄)ဦး ကိုယ်စား ဒေါ်ကေခိုင်ရွှေသို့ လွှဲပြောင်းပေးရန်၊ လွှဲပြောင်းပေးအပ်မည့် မြေပေါ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင်အဆောက်အဦများ ဖျက်သိမ်းရန်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အား မြေပိုင်ရှင်တို့မှ ဆောင်ရွက်ရန် နှစ်ဖက်သဘောတူချုပ်ဆိုထားရှိသော ဘိုးဘွားပိုင်မြေ၊ (၀. ၂၇၅)ဧကအား ပြန်လည်ပေးအပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာလှူဒါန်းဆောက်လုပ်ပေးကြောင်း သဘောတူစာချုပ်ကိုတင်ပြ၍ မြေအမည်ပေါက် ဒေါ်စိန်၏ အမွေဆက်ခံခွင့်ရှိသူများထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ကေခိုင်ရွှေမှ ၄-၇-၂၀၁၆ရက်စွဲပါစာဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ထုတ်ပေးပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/စီဂျီ)၊ လူနေရပ်ကွက်အမှတ်-ဆရာစံတောင်၊ မြေကွက်အမှတ်(၁၂၁၇)၊ ပေ(၂၀×၄၀)၊ (၈၀၀)စတုရန်းပေမြေကွက်သည် ဦးဘာရှိန်[၁၂/ဗဟန(နိုင်)၀၆၁၃၃၁] အမည်ပေါက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစာရင်းဌာနတွင် မှတ်သားတည်ရှိပြီး အရပ်အခေါ် အဝေါ် အရ အမှတ်(၃၃)၊ မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ပေ(၂၀×၄၀)၊ (၈၀၀)စတုရန်းပေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးဘာရှိန်ပိုင်ဆိုင်ပြီး ယခုအခါတွင် ဦးဘာရှိန်သေဆုံးပြီးဖြစ်၍ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းရီ[၁၂/ဗဟန(နိုင်)၀၅၇၁၅၉]မှ အမွေဆက်ခံခွင့်ရှိပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းသီတာစိုး (LL.B,D.B.L,D.M.L.,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၃၀၆)**
**အမှတ်(၉/၁၁)၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၇၀၆၄၂၆၊ ၀၉-၉၆၆၃၇၃၉၃၆**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ သရက်ပင်ဝန်းကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်ကျော်ဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်မာလာ ဖြစ်ပါသည်။

**ဒေါ်ခိုင်မာလာ**

**စားသောက်ဆိုင်ရှိ ပစ္စည်းများရောင်းရန်ရှိသည်**

ဆက်သွယ်ရန်-
ဖုန်း - ၀၉ ၇၇၃၀၅၅၃၃၄၊
၀၉ ၇၉၅၂၅၄၉၃၀

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ မြိုင်ကလေးကျေးရွာအုပ်စု၊ ရွာလေးရွာသစ်နေ ဦးရွှေသွား၏သား၊ ခွန်ဖေခင် [၃/ဘအန(နိုင်)၀၄၇၁၆၅]နှင့် ဦးပန်းမြင့်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ခွန်ဖေခင်(ခ)ဦးပန်းမြင့်**
**[၃/ဘအန(နိုင်)၀၄၇၁၆၅]**

SAYA-TONY သင်ကြားပို့ချသော ... (SHELL)ဦးစီးသော
OBF Language and Business Institute

IELTS – IELTS, UKVI, IELTS life Skills A1 & B1
*IELTS Exam Camp for Feb & Mar Test-takers

❖ Elementary Spoken English (ESE)
❖ Intermediate General English (IGE)
❖ Basic Grammar & Translation Course (BGT)
❖ 5-Skill Professional Development (5-SPD)

ICM Approved Centre ICM
ICM(UK) Single Subject Management Diploma

| Ses | Courses |
|---|---|
| A. | Business Management and Administration (Dip BMA) |
| B. | Marketing Management (Dip MM) |
| C. | Human Resources Management (Dip HRM) |
| D. | Logistics & Supply Chain Management (Dip LSCM) |
| E. | Financial Management (Dip FM) |
| F. | Debate & Leadership Development (Cert DLD) |
| G. | Organizational Development & Change (Dip ODC) |
| H. | English Course For Business Communication (Cert) |

Bld. No. 200/208, 5th Floor, 35th St., Kyauktada Township, Yangon, Myanmar.
Tel : (95-1) 249178 HP:09 5061343, 09 513 8867, 09 448000410




သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

# Mandalay Yatanar Mall ကျောက်မျက်ရတနာဆိုင်ခန်းများ ဖွင့်ပွဲကျင်းပ
# နိုင်ငံတကာအဆင့်မီ လက်ဝတ်ရတနာများနှင့် ကျောက်မျက်ရတနာမျိုးစုံရောင်းချ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် (၃၄)လမ်းထောင့် ရတနာပုံစူပါစင်တာ ဒုတိယထပ်တွင် မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ ကျောက်စိမ်း၊ နီလာ၊ မြ၊ ပုလဲ၊ ပတ္တမြား စသည့်ကျောက်မျက်ရတနာဆိုင်များ၊ စိန်ဆိုင်များ၊ ရွှေဆိုင်များ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းဆိုင်များ ခင်းကျင်းပြသရောင်းချမည့် Mandalay Yatanar Mall ၏ Grand Opening ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်းတို့ တက်ရောက်အားပေးပြီး ကျောက်မျက်ရတနာဆိုင်ခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

Mandalay Yatanar Mall တွင် ဆိုင်ခန်းပေါင်း ၃၈၉ ခန်းရှိပြီး ကျောက်မျက်သင်တန်းခန်းမတစ်ခု၊ ကျောက်မျက်အစစ် အတု ခွဲခြားပေးပြီး အသိအမှတ်ပြု Certificate ထုတ်ပေးသော QC ခန်းတစ်ခု၊ နိုင်ငံခြားငွေလဲကောင်တာ၊ ဘဏ်ဝန်ဆောင်မှုများ၊ ခေတ်မီလုံခြုံရေးစနစ်များ၊ လေအေးပေးစနစ်၊ ၂၄ နာရီလျှပ်စစ်ဓာတ်အားရရှိမှု စသည့် နိုင်ငံတကာအဆင့်မီ ဆိုင်ခန်းများ၊ ကောင်တာများ တည်ဆောက်ထားသည်။

Mandalay Yatanar Mall သို့ ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းမှ လက်ဝတ်ရတနာမြတ်နိုးသူများ လာရောက်လေ့လာ ဝယ်ယူနေကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





## မြင်းခြံဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြင်းခြံ ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘိုးဘွားရိပ်သာတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘိုးဘွားရိပ်သာအတွင်းရှိ သစ်ပင်၊ ခြုံနွယ်များ၊ ဘိုးဘွားရိပ်သာအဆောက်အအုံအတွင်းအပြင် သန့်ရှင်းခြင်း၊ ဘိုးဘွားများအသုံးပြုသည့် အိမ်သာများအား ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအပြင် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များမှ လုပ်အားဒါနပြုကာ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးတို့က အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကနီ၌ ကျင်းပ

**ကနီ ဇန်နဝါရီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝိလီဖရန့် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၇ ရက်က ယင်းမာပင်ခရိုင် ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေး အသိပညာပေးဟောပြောပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝိလီဖရန့်က မုန်တိုင်းဘေး၊ ရေဘေး၊ မီးဘေးနှင့် ငလျင်ဘေးများနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို ပရိုဂျက်တာများနှင့် ရှင်းလင်းပြောကြားပြီး သဘာဝဘေးများ ဖြစ်ပွားလာလျှင် ကြိုတင်ပြင်ဆင်ရန်နှင့် သဘာဝဘေးကျရောက်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန်နှင့် ဆောင်ရွက်ရမည့်အချက်များ အသိပညာပေးဟောပြောပြီး မုန်တိုင်းဘေး၊ ရေဘေး၊ မီးဘေးနှင့် ငလျင်ဘေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ ယင်းအခမ်းအနားသို့ ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဌေးအောင်(ကနီ)**

## ဗန်းမော်၌ ဌာနဆိုင်ရာများနှင့် Banmaw Area CSO(Civil Society Organization) Network (ဗန်းမော်) တို့ တွေ့ဆုံဆွေးနွေး

**ဗန်းမော် ဇန်နဝါရီ ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့ ဌာနဆိုင်ရာများနှင့် Banmaw Area CSO(Civil Society Organization) Network (ဗန်းမော်) တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ဖရန့်ရှစ် (Friendship) ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့ (CSO) အရပ်ဘက်အဖွဲ့အစည်းများကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးစိန်ရွှေက ဗန်းမော်ခရိုင် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ထွန်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးတို့က ဌာနများအလိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များကို အသီးသီးရှင်းလင်းဆွေးနွေးကြပြီး (CSO) အရပ်ဘက်အဖွဲ့အစည်းများကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးစိန်ရွှေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလင်းဗန်းမော်အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင် ဦးမျိုးဆန့်၊ အစ္စလာမ့်တံခွန်၊ ပန်းပျိုးလက်၊ ဗန်းမော်ယူနစ်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဘိုပေါ်ဆန်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဝက်လက်၌ကျင်းပ

**ဝက်လက် ဇန်နဝါရီ ၉**

၂၀၁၆-၂၀၁၇ မိုးစပါးအထွက်နှုန်းနှင့် အထွက်နှုန်းမှန်ကန်ရေး စစ်တမ်းကောက်ယူနိုင်ရေးအတွက် ရွှေဘိုပေါ်ဆန်းမိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာ ကွင်းအမှတ်(၃၂၇၅)ရှိ အကျိုးဆောင်တောင်သူ ဦးဝင်းနိုင်၏ လယ်မြေ ၁၀ ဧကတွင် ပြုလုပ်ခဲ့ရာ တစ်ဧက ၁၀၅ ဒသမ ၂၀ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၁၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ပြည်သူတို့၏ဘဝလုံခြုံရေး ဦးစားပေးဆောင်ရွက်နေ

**ကျောက်ဆည် ဇန်နဝါရီ ၉**

ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မြို့မရဲစခန်းမှဦးဆောင်ကျင်းပသည့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီက ကျောက်ဆည်မြို့ မြို့ဦးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး သိန်းဝင်းက မှုခင်းကျဆင်းရေးအကြောင်း အသိပညာပေးဟောပြောရာတွင် မိမိတို့အနေဖြင့် ပြည်သူတို့၏ဘဝလုံခြုံရေး ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် မြို့နယ်အတွင်း မသင်္ကာသူများတွေ့ရှိပါက မြို့နယ်ရဲတပ်ဖွဲ့သို့ အသိပေးပူးပေါင်းလက်တွဲဆောင်ရွက်ပေးစေလိုကြောင်း၊ သို့မှသာပြည်သူများ၏ ဘဝလုံခြုံစိတ်ချရမှာဖြစ်ကြောင်း၊ မကောင်းမှုဟူသည် စိတ်ကွယ်ရာမှာမရှိဟူသည့်ဆောင်ပုဒ်နှင့်အညီ မကောင်းမှုလုပ်ငန်းများကိုလည်း မလုပ်ကိုင်ကြစေရန် လိုအပ်ပါကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများ မပေါ်ပေါက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းများကို စနစ်တကျလိုက်နာရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသောပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ မြို့မရဲစခန်း စခန်းမှူးက ပြန်လည်ဖြေကြားပေးပြီး မှုခင်းကျဆင်းရေးလက်ကမ်းစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်**



## သာမညကျေးရွာတွင် မော်တော်ဆိုင်ကယ် အမောင်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**ဘားအံ ဇန်နဝါရီ ၉**
ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာနေ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိနားလည်စေပြီး ယာဉ်အန္တရာယ်များ ကင်းရှင်းစေရေးနှင့် ကျေးရွာမှာပင် လွယ်ကူအဆင်ပြေစွာ လုပ်ကိုင်နိုင်စေရေးအတွက် ရည်ရွယ်ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ကျေးရွာအရောက် မော်တော်ဆိုင်ကယ် အမောင်းလိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၇ ရက်က သာမညကျေးရွာ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ပြုလုပ်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်ပြီး ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဦးက "ကျေးရွာအရောက် လာရောက်ဆောင်ရွက်ပေးရတာကတော့ အကြောင်းအမျိုးမျိုးကြောင့် အမောင်းလိုင်စင်များ ဘားအံမြို့ပေါ်လာရောက် မလုပ်ကိုင်နိုင်သူတွေအတွက် အဆင်ပြေစေရေး၊ အမောင်းလိုင်စင် ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်စေရေးအတွက် အထူးအစီအစဉ်တစ်ရပ်အနေနဲ့ လာရောက်လုပ်ပေးရခြင်းဖြစ်ပါတယ်။ အသက် (၁၆)နှစ်ပြည့်ပြီး (၁၈)နှစ် မကျော်သေးသူတွေအတွက် နှစ်နှစ်သက်တမ်းရှိသော လိုင်စင်၊ (၁၈)နှစ်ပြည့်ပြီးသူများအား ငါးနှစ်သက်တမ်းရှိသော လိုင်စင်တွေကို နေ့ချင်းပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၆၂၀ ဦးလာရောက်လုပ်ကိုင်ကြပါတယ်" ဟုပြောကြားသည်။

မော်တော်ဆိုင်ကယ် အမောင်းလိုင်စင်များ ဆောင်ရွက်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများကိုပါ ကျေးရွာများသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာမှစတင်ကာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ လိုက်လံလုပ်ဆောင်ပေးနေပြီး လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်ကြီးဒေသတို့ကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါနေ့က သာမညကျေးရွာ လိုင်စင်လာရောက် လုပ်ကိုင်သူ ကျေးရွာပြည်သူ ၆၀၀ ကျော်အား ဘားအံယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမြင့်အောင်နှင့် ရဲအုပ်သန်းထူအောင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## စွန့်ပစ်ဆပ်ပြာခဲများ အသုံးပြုနိုင်ရန် ပြုပြင်ထုတ်လုပ်

**ရန်ကုန် ဇန်နဝါရီ ၉**
ကျန်းမာသန့်ရှင်းရေးအတွက် လူများအသုံးပြုပြီး စွန့်ပစ်ဆပ်ပြာခဲငယ်များကို အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်ရန် Sundara မှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်နိုင်ပြီဖြစ်သည်။



ဇန်နဝါရီ ၇ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် လာရောက်တည်းခိုသူများ အသုံးပြုပြီး စွန့်ပစ်သည့် ဆပ်ပြာခဲငယ်များကို လက်ဆေးကြောနိုင်ရန် ဆပ်ပြာတုံးအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်ကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းရေးရာဒါရိုက်တာဖြစ်သူ ဒေါ်မမနိုင်က ရှင်းလင်းပြောကြားရာတွင် သုံးလအတွင်း တည်းခိုသူများ၏ သုံးစွဲပြီးဆပ်ပြာခဲငယ်များကို အမှိုက်အဖြစ်စွန့်ပစ်ခြင်းမပြုဘဲ Sundara မှ နည်းပညာဖြင့် ပြုပြင်ပြောင်းလဲထုတ်လုပ်ပြီး လက်ဆေးဆပ်ပြာအဖြစ် ထုတ်လုပ်နိုင်ပြီဖြစ်သည်။

၇၈ ကီလိုဂရမ်အလေးချိန်ရှိသည့် ဆပ်ပြာခဲငယ်များကို ပြုပြင်ထုတ်လုပ်ရာ လက်ဆေးဆပ်ပြာအတုံး ၁၀၀၀ ကျော်ခန့်ရရှိကြောင်း၊ ရှေးဦးစွာအသုံးပြုပြီး ဆပ်ပြာခဲများကို ပွတ်တိုက်သန့်စင်စေပြီး ဓားဖြင့်ပါးပါးလှီးဖြတ်ကြောင်း၊ ထို့နောက် အနံ့ရှိစေရန် သဘာဝရှောက်ရွက်၊ ပါးပါးလှီးထားသည့် ချင်းနှင့် ထောင်းချေထားသည့် စပါးလင်တို့ပါဝင်ကြောင်း၊ မိမိကြိုက်နှစ်သက်ရာ အနံ့အလိုက် ထည့်သွင်းရောစပ်ကြောင်း သိရသည်။

ပုံသွင်းလက်လှည့်စက်ဖြင့် လေးထောင့်ပုံသဏ္ဌာန်ဆပ်ပြာတုံးကြီးများကို ထုတ်လုပ်ရာ နာရီဝက်အတွင်း ခြောက်သွေ့ပြီး ဆပ်ပြာတုံးများကိုရရှိကြောင်း သိရသည်။

Sundara မှ ပရိုဂရမ်ဒါရိုက်တာ ဒေါ်ထားထားက ပြောကြားရာတွင် SOAP FOR HOPE အစီအစဉ်အရ လွန်ခဲ့သော နှစ်နှစ်ခန့်က မြန်မာနိုင်ငံတွင် စတင်လုပ်ဆောင်ခဲ့ကြောင်း၊ အိန္ဒိယနှင့် ယူဂန္ဓာနိုင်ငံများမှ စတင်ခဲ့သည့် အသုံးမဝင် စွန့်ပစ်ဆပ်ပြာခဲများကို ပြန်လည်ပြုပြင်ပြီး သုံးစွဲနိုင်အောင် လုပ်ဆောင်ကြောင်း၊ လိုအပ်သည့်နေရာများကို အခမဲ့ပေးဝေကြောင်း သိရသည်။

ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသည် အထူးလိုအပ်ရာ အထူးသဖြင့် ကူးစက်ရောဂါ၊ ကာလဝမ်းရောဂါများ မဖြစ်ပွားစေရေးအတွက် ကလေးငယ်များကို မည့်သည့်အချိန်တွင် လက်ဆေးရမည်ကို Sundara မှ လေ့ကျင့်သင်ကြားပေးပြီး လက်ဆေးဆပ်ပြာများကို ပြုပြင်ထုတ်လုပ်ပြီး အခမဲ့ပေးဝေလျက်ရှိသည်။

ဆူးလေရှန်ဂရီလာမှ ဝန်ထမ်း ၅၀ ခန့်ဖြင့် ပြုပြင်ထုတ်လုပ်သည့် လက်ဆေးဆပ်ပြာခဲများကို အင်းစိန်မြို့နယ်ရှိ ပဏ္ဍိတာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ပေးပို့လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## ကော့သောင်းမြို့တွင် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ကော့သောင်း ဇန်နဝါရီ ၉**
ကော့သောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများသည် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက လိုက်လံကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးမှုတွင် ကော့သောင်းမြို့ပေါ်ရပ်ကွက်များအတွင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းဘေးပလက်ဖောင်းအသစ်များ ဆောင်ရွက်နေမှု၊ ပြုပြင်ရန်လိုအပ်သည့် ပလက်ဖောင်းများ၊ မြို့နယ် ခုတင်(၁၀၀)ဆေးရုံရှေ့ ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် မိမိတို့၏မြို့ဥပဓိရုပ်ကောင်းမွန်သည်ထက် ကောင်းမွန်လာရေးကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း အကြံပြုတိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ၂၀၁၆ ခုနှစ်အတွင်း လှိုင်မြို့နယ်တွင် ခြင်ထောင်စုစုပေါင်း ၅၃၉၃ လုံးဆေးစိမ်ပေး

**ရန်ကုန် ဇန်နဝါရီ ၉**
ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ခြင်ထောင် စုစုပေါင်း ၅၃၉၃ လုံးကို ဆေးစိမ်ပေးခဲ့ပြီး အိမ်ခြေ ၁၁၂၁၆ လုံးကို အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနမှ သိရသည်။

"ခြင်ထောင် ဆေးစိမ်ခြင်းနဲ့ အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့တာပါ။ စာသင်ကျောင်းပေါင်း ၂၀ ကို ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း အကြိမ်ရေ (၅၀)ဆောင်ရွက်ပေးခဲ့ပြီး ခြင်ထောင်စုစုပေါင်း ၅၃၉၃ လုံးကို ဆေးစိမ်ပေးခဲ့ပါတယ်"ဟု ဇန်နဝါရီ ၇ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ကြီးကြပ်မှုဖြင့် အမှတ် (၄) ရပ်ကွက် ရတနာသစ်အိမ်ရာစုရပ်တွင် ခြင်ထောင်ဆေးစိမ်ပေးသည့်လုပ်ငန်းခွင်မှ စည်ပင်သာယာကျန်းမာရေးဌာနတာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောသည်။

အဆိုပါ လုပ်ငန်းကို စည်ပင်သာယာကျန်းမာရေးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပူးပေါင်း၍ အများပြည်သူသို့ အသိပေးရာ စုရပ်သို့ ခြင်ထောင်စုစုပေါင်း ၄၅ လုံး လာရောက်ဆေးစိမ်ကြပြီး အစုအဖွဲ့ခွဲ၍ အိမ်ခြေ ၁၅၀ကို အဘိတ်ဆေးများ လိုက်လံခတ်ပေးကြကြောင်း သိရသည်။

**မောင်သုည**

## ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဟောပြောပို့ချ

**ဒလ ဇန်နဝါရီ ၉**
၂၀၁၇ ခုနှစ် မတ် ၈ ရက်မှ စတင်ပြီး ၁၅ ရက်အထိ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား အောင်ချက်မြင့်မားရေး အနီးကပ်ဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ကမာကသွယ်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အနီးကပ်မေးခွန်းပုံစံများအား မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို နှစ်စဉ်နှစ်တိုင်း လေ့လာသင်ကြားပေးလျက်ရှိရာ တက်ရောက်သင်ကြားခဲ့သော ကျောင်းသူတစ်ဦးက "သမီးတို့က စာမေးပွဲနီးလာရင် ကြောက်တယ်။ မေးခွန်းကခက်မှာလား၊ လွယ်မှာလားပေါ့။ မေးခွန်းပုံစံတွေက တစ်နှစ်နဲ့ တစ်နှစ် မတူဘူးလို့ထင်တယ်။ ဒါကြောင့် သမီးတို့ သူငယ်ချင်းတွေ အတူတူလာပြီး မှတ်စရာတွေ၊ ထပ်ပြီးသိချင်စရာတွေနဲ့ လေ့လာရမယ့် အပိုင်းလေးတွေကို အပြည့်အဝလိုက်နာပြီး ဒီနှစ်စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ ဖြေဆိုနိုင်အောင် ကြိုးစားသင်ယူသွားမှာပါ။ တစ်ရက်တာ အနီးကပ်ဆိုပေမယ့် လေ့လာမှတ်သားစရာတွေကများပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပို့ချပွဲတွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နှင့် အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဟောပြောပို့ချပြီး ဒလမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင် အထက်တန်းကျောင်းများမှ Bio တန်း နှင့် Eco တန်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်** (IPRD)



## ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**သုံးခွ ဇန်နဝါရီ ၉**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘုရားကြီးစံပြကျေးရွာ သီရိရတနာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုးတို့က မင်္ဂလာရွှေဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းသည် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူလူထုတို့မှ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး အရှည်ပေ ၁၆၀၀ ရှိ ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။

**၆၈၉**

# မန္တလေးမြို့မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားသို့ ပြည်တွင်း၊ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား




**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သမိုင်းဝင် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

ကျောက်တော်ကြီးဘုရားအနီးမှာ သတ္တဌာနတွေ တည်ဆောက်ပြီးကတည်းက ဘုရားဖူးခရီးသွား ပိုမိုလာရောက်လျက်ရှိကြောင်း၊ နေ့စဉ်ဘုရားဖူးများ စည်ကားများပြားလျက်ရှိကြောင်း၊ ပြည်ပခရီးသွားရော၊ ပြည်တွင်းခရီးသွားတွေရောပါပဲဟု အဆိုပါဘုရားအနီးတွင် ရောင်းချနေသော ဈေးဆိုင်ပိုင်ရှင် တစ်ဦးကပြောပြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်

**ဂန့်ဂေါ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်က ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိသူများနှင့် အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိသူ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၁၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

## မှခင်းနှင့်ပတ်သက်၍ ပြည်သူများအသိပညာဗဟုသုတများ တိုးတက်လာစေရေးဆောင်ရွက်

**ကြို့ပင်ကောက် ဇန်နဝါရီ ၉**

မှုခင်းများဖြင့်ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတများ တိုးတက်များပြားလာစေရန် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်မှ ၉ နာရီခွဲအချိန်ထိ အ-ထ-က (ဘုရင့်နောင်)ကျောင်း၌ လာရောက်ဆောင်ရွက်ခဲ့သည်။

အဆိုပါမှုခင်းပညာပေးယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေနှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုလုပ်ငန်းများကို ဓာတ်ပုံပြပွဲများ၊ နံရံကပ်စာစောင်များ၊ ဟောပြောပွဲနှင့် ပညာပေးဗွီဒီယိုပြသဆောင်ရွက်ခြင်းတို့ဖြင့် အသိပညာပေးဆောင်ရွက်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အနီးပတ်ဝန်းကျင်ရှိ မိဘပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် လာရောက်ခဲ့ကြကြောင်း သိရသည်။

**ဓေယျာထွန်း(ကြို့ပင်ကောက်)**

# အခမဲ့ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်



**မောက်မယ် ဇန်နဝါရီ ၉**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေးရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းဦးဆောင်၍ အဖွဲ့သုံးဖွဲ့ခွဲကာ ဇန်နဝါရီ ၇ ရက်က မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု ထီပျဉ်ကျေးရွာသို့ ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူ ၃၀၀ ခန့်အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုသရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဆရာမ ဒေါ်နန်းခမ်းရိန်းတို့က တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ မွေးရာပါ ဦးနှောက်ငယ်ရောဂါနှင့် ဆက်စပ်နေသည့် ဇီကာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ နေ့အချိန် ခြင်ကိုက်ခြင်းမှ ကာကွယ်ကြရန် ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေး ဆရာ၊ ဆရာမများ၊ အာအိုင် (Relief International) လူမှုရေးအသင်းအဖွဲ့များ၊ လူထုကျန်းမာရေးလုပ်သားများ လိုက်ပါကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



&efukbajrmuf;jc½dkifvdI;om,mrIukd&U;,fa&Tvif;eft crkm;a&;uhDI;toif;EI;wfvnf;oif;nDmcEIf;trkaqmif;zU&;cs,f;tcrf;tem;uDIeef0g&D&ufeHuf9em&D0ukd;m&mra&Tumif;wDIf;ef;a&Tvif;eft crkm;a&;uhDI;toif;½kef;rüuif;y&m0uf;opf0Dvif;rif;EIh50D;trkaqmif;opf;Ynf;yDm&if;Z,m;vaTjymif;ay;typf0f

(၃၂၉)

## ဆိပ်ဖြူမြို့နယ်တွင် ပုံကျဈေးသည်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဆိပ်ဖြူ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း ရောင်းချလျက်ရှိသည့် ပုံကျဈေးသည်များအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဈေးသည်များအား မီးဘေးအန္တရာယ်ကြောင့် ရောင်းကုန်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး၊ အမှိုက်သရိုက်များ သန့်ရှင်းစွာဆောင်ရွက်စေရေး၊ လျှပ်စစ်ဝါယာကြိုးများ စနစ်တကျသွယ်တန်းထားရှိပြီး စနစ်တကျ မီးသုံးတတ်စေရေးနှင့် အရေးပေါ်အခြေအနေကြုံတွေ့လာပါက မီးသတ်ဆေးဘူးများ အရန်သင့်ထားရှိကာ သုံးစွဲတတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံက ဈေးသည်များ စည်းကမ်းနှင့်အညီ စနစ်တကျ ရောင်းချသွားရန်၊ ဈေးအတွင်းအမှိုက်သရိုက်များကို စနစ်တကျ သတ်မှတ်နေရာများတွင် စွန့်ပစ်သွားကြရန်တို့ကို တိုက်တွန်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူး ဦးစိန်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများကို အရန်သင့်ထားရှိရေး၊ မီးသတ်ဆေးဘူးများကို အရေးပေါ်အခြေအနေကြုံတွေ့လာပါက အသုံးပြုပုံနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ပတ္တမြားဈေးအတွင်း၌ လျှပ်စစ်သွယ်တန်းအသုံးပြုလျက်ရှိသည့် ဈေးဆိုင်များအား လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှုများ၊ အရည်အသွေးပြည့်မီသည့်ကြိုးများ သုံးစွဲရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မှုခင်းဆိုင်ရာ အသိပညာကောင်းများရရှိစေရေး ဆောင်ရွက်

**ဝါးခယ်မ ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများပါမကျန် မှုခင်းဆိုင်ရာ အသိပညာများ ထိရောက်စွာရရှိစေရန် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးယာဉ်ဖြင့် မှုခင်းဆိုင်ရာ အသိပညာများအား ဇန်နဝါရီ ၇ ရက် နံနက်က မြို့နယ်အတွင်းသို့ လှည့်လည်ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားပြခန်းယာဉ်တွင် မူးယစ်ဆေးဝါးအန္တရာယ်၊ မှုခင်းဆိုင်ရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ စာစောင်များ ခင်းကျင်းပြသထားရှိပြီး ပြခန်းယာဉ်သို့ လာရောက်လေ့လာကြသော ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ မှုခင်းဆိုင်ရာ ရွေ့လျားပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းအား ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဌေးအောင်၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်နေမျိုးအောင် ဦးဆောင်သော အဖွဲ့နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ရာ ပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပြီး လက်ဆင့်ကမ်း အသိပညာမျှဝေမှုအနေဖြင့် မှုခင်းဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စိုက်ကွင်းသရုပ်ပြ

**မြင်းခြံ ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ စိုက်ပျိုးရေးသုတေသနခြံတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးနှင့်အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (WSAT/ JICA) တို့ ပူးပေါင်းဆောင်ရွက်သည့် ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲမပြသမီ တက်ရောက်လာသူများအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်နှင့် ဒေါက်တာထွန်းရွှေတို့က စီမံကိန်းလုပ်ငန်းအချက်အလက်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး စိုက်ပျိုးရေးသုတေသနခြံ (မြင်းခြံ)မှ ခြံမန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာသန်းက ခြံအတွင်းစိုက်ပျိုးထားသော စိုက်ကွင်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးသုတေသနခြံအတွင်း ရေချွေတာသုံးစွဲ၍ စမ်းသပ်စိုက်ပျိုးထားသော စိုက်ကွင်းများအား လေ့လာကြည့်ရှုပြီး သစ်စိမ်းမြေဩဇာပြုလုပ်ခြင်းအား ကြည့်ရှုခဲ့ကြောင်း သိရသည်။



အဆိုပါကွင်းသရုပ်ပြပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး The Project Development of Water Saving Agriculture Technology in the Central Dry Zone (WSAT) မှ ဂျပန်လူမျိုး ဒေါက်တာဖူဂျီမိုတို၊ ဒေါက်တာဆိုင်တို၊ ဒေါက်တာမီမီဒါနှင့် အဖွဲ့ဝင်များ၊ မကွေးမြို့နှင့် ညောင်ဦးမြို့ စိုက်ပျိုးရေးသုတေသနမှ ခြံမန်နေဂျာများနှင့် ဝန်ထမ်းများ၊ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## တရားမဝင်ပစ္စည်းများ တင်သွင်းခြင်း မပြုနိုင်ရေး တိုက်ကြီးမြို့တိုးဂိတ်၌ ညစဉ်ပိတ်ဆို့ရှာဖွေ

**တိုက်ကြီး ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့တိုးဂိတ်၌ ညစဉ် ယာဉ်စစ်ပိတ်ဆို့ရှာဖွေလျက်ရှိရာ တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်ဝင်ထွက်မှုကို ဇန်နဝါရီ ၇ ရက် ည ၁၀ နာရီက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်သည် ရန်တိုင်းဒေသကြီး၏ အဝင်မြို့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့တွင်း အဝင်ကားများကို တရားမဝင်ပစ္စည်းများ တင်သွင်းခြင်း မပြုနိုင်ရေးနှင့် အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော လက်နက်များ သယ်ယူခြင်းမရှိနိုင်ရေးကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## မောင်တောမြို့၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**မောင်တော ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ ပြည်နယ်စိုက်ပျိုးရေး ပညာပေးအဖွဲ့အနေဖြင့် ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်း ကို ဇန်နဝါရီ ၇ ရက်က မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မမ၊ ပြည်နယ်ပိုးမွှားတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အောင်မြကြည်၊ ပြည်နယ်မျိုးစေ့ဌာနခွဲမှ ဒေါ်ဇာခြည်ထွန်း၊ ဒေါ်စောယုမော်တို့က ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခဲ့ရာ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ခင်ဦး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများကို ဇန်နဝါရီ ၇ ရက်က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးမှူး ဦးစောသက်ခိုင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်သူရိန်မော်တို့က ကြည့်ရှုစစ်ဆေးခဲ့သည်။

ပေါင်းလှဲကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအနီး ရွှေဘိုမြောင်းမတော် (SMC) တူးမြောင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၅ သိန်းဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုးရာသီရေကြီးစဉ်က လက်ပံလှကျေးရွာအနီး ကင်းတပ်လက်ဝဲတူးမြောင်း (OMC) ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားသော ပေ ၁၅၀ ခန့်ကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျောက်စီတန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆည်ရေသောက်ဧက ၁၁၀၀ ကျော် အသုံးပြုလျက်ရှိသော ရွာသန်းဆည်ကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## လမ်းများကောင်းလာ၍ ပြည်သူများသွားလာမှု အဆင်ပြေ

**မောက်မယ် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင် ၁၂ မိုင် ၃ ဖာလုံ ကတ္တရာလမ်းခင်းခြင်း၊ လမ်းချဲ့ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံးကို ပွန်ချောင်းအထိနှင့် မိုးနဲ-မောက်မယ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ပွင့်လင်းရာသီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးဝေဖြိုးလင်းက ပြောကြားသည်။

မောက်မယ်မြို့နယ် ဟိုနမ့်ဒေသရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်တိုအတွင်း သွားလာရေးအဆင်ပြေပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ တိုးတက်လာတော့မည်ဖြစ်သည်။

ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်း စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးမှုအခြေအနေအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးဝေဖြိုးလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးတို့ ဇန်နဝါရီ ၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



## တောင်သူများစိုက်ပျိုးနည်းစနစ်မှန်ကန်ရေးနှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေး ပညာပေးဆွေးနွေး

**မင်းဘူး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင် တောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာနှင့် စိုက်ပျိုးနိုင်ရေး၊ သီနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက်ရည်ရွယ်၍ တောင်သူပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက မယ်ဘွဲ့ကုန်းကျေးရွာအုပ်စု အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီတော်ဝန်းအတွင်းရှိ ဘုရားတန်ဆောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး စိုက်မွေးကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး တက်ရောက်လာသောတောင်သူများမှ သိလိုသမျှတင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာ ၁၄ ရွာမှ တောင်သူ ၅၃၄ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ်အတွင်း၌ တောင်သူပညာပေးဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ရွှာသာယာကျေးရွာ၌ ကျေးရွာကိုးရွာမှ တောင်သူ ၃၇၃ ဦး၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်က ချောင်းဖြူကျေးရွာ၌ ကျေးရွာရှစ်ရွာမှ တောင်သူ ၄၈၃ ဦးနှင့် ဇန်နဝါရီ ၇ ရက်က ဆင်ခေါင်းကျေးရွာ၌ ကျေးရွာကိုးရွာမှ တောင်သူ ၂၈၂ ဦးတို့အား တောင်သူအသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးပြည့်**

# ကမ္ဘာ့အဆင့်မီ ရွာငံကော်ဖီ

လှိုင်ဘွား (စီမံကိန်း)

ရွာငံမြို့နယ်သည် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သော မြို့နယ်တစ်ခု ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၀၈၂ ပေ တွင်တည်ရှိသည်။ အရှေ့ဘက်တွင် ရပ်စောက်မြို့နယ်၊ အရှေ့တောင်ဘက်တွင် ပင်းတယမြို့နယ်၊ တောင်ဘက်တွင် သာစည်မြို့နယ်၊ အနောက်ဘက်တွင် မြစ်သားမြို့နယ်၊ မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် ကျောက်ဆည် မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်တည်ရှိသည်။ မြို့နယ်အကျယ်အဝန်း ၁၀၂၅ ဒသမ ၉၆ စတုရန်းမိုင်ကျယ်ဝန်းပြီး ဧရိယာ ဧကအားဖြင့် ၆၅၆၆၁၈ ဧက ရှိသည်။

ရွာငံမြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသော မြို့နယ်တစ်ခုဖြစ်သည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ဆန်စပါး၊ ပြောင်း၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသည်။ လိမ္မော်၊ တညင်း၊ ထောပတ်၊ ပိန္နဲစသည့် နှစ်ရှည်သီးပင်များလည်း စိုက်ပျိုးကြသည်။ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ ဂျူးမြစ်၊ ပန်းဥ၊ ကန်စွန်းဥ စသည့် စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်များ စီးပွားဖြစ်စိုက်ပျိုးကြသည်။ အမယ်သစ်သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်ပင်များလည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။

**ကမ္ဘာ့အဆင့်မီ အာရေဗီးကား**

ရွာငံမြို့နယ်သည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၇၀ ကျော်ရရှိပြီး ရေမြေသဘာဝ ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် ကော်ဖီဖြစ်ထွန်း အောင်မြင်သော မြို့နယ်တစ်ခုဖြစ်ပေသည်။ ရွာငံမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ စု၊ ကျေးရွာပေါင်း ၁၂၅ ရွာရှိသည့်အနက် ကော်ဖီစိုက်ပျိုးသည့် ကျေးရွာပေါင်း ၁၁၀ ရှိသည်။ ကော်ဖီစိုက်ပျိုးသည့် တောင်သူအားလုံးသည် မိမိတို့ခြံဝန်းအတွင်း ပိန္နဲ၊ တညင်း၊ ထောပတ်စသည့် အရိပ်ရပင်များအောက်တွင် စိုက်ပျိုးကြသည်။ သဘာဝနွားချေးမြေဩဇာ၊ သဘာဝသစ်ဆွေး မြေဩဇာကိုသာ အသုံးပြုပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အသုံးမပြုသည့်အတွက် ဩဂဲနစ်အဖြစ် အသိအမှတ်ပြုနိုင်သော အနေအထားတွင်ရှိသည်။ ရွာငံမြို့နယ်တွင် ကော်ဖီစိုက်ဧက ၆၀၀၀ ကျော်ရှိသည်။ တစ်နှစ်လျှင် ကော်ဖီပိဿာချိန် လေးသိန်းခန့် ထွက်ရှိပြီး ၆၅၃ တန်ခန့်ရှိပါသည်။ စိုက်ပျိုးထားသော ကော်ဖီအမျိုးအစားမှာ ပင်လယ်မြေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင် စိုက်ပျိုးနိုင်သည့် ကမ္ဘာ့အဆင့်မီ အာရေဗီးကား အမျိုးအစားဖြစ်သည်။



မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအသင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် အမေရိကန်နိုင်ငံ Winrock International မှ Coffee Expart Mr Rick Peysar သည် ရွာငံမြို့သို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၂၊ ၁၃ ရက်တို့တွင် ရောက်ရှိလာပြီး စိုက်ပျိုးရေးဦးစီးဌာနတွင် ကော်ဖီစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများနှင့် တွေ့ဆုံကာ (Workshop) အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံခြားသားပညာရှင်က ကမ္ဘာ့အရည်အသွေးမီ ကော်ဖီစိုက်ပျိုးထုတ်လုပ်ပုံ အဆင့်ဆင့် ဆွေးနွေးပြောကြားခဲ့သည်။

**မြန်မာနိုင်ငံတွင် အကောင်းဆုံး**

နိုင်ငံခြားပညာရှင်သည် ရွာငံမြို့မှထွက်ရှိသည့် ကော်ဖီအစေ့ကို နမူနာအဖြစ်ယူသွားပြီး အမေရိကန်နိုင်ငံရှိ ကျွမ်းကျင်သော ပုဂ္ဂိုလ်များက ဓာတ်ခွဲစမ်းသပ်စစ်ဆေးကြည့်ရာ ရွာငံကော်ဖီသည် မြန်မာနိုင်ငံတွင် အကောင်းဆုံးဖြစ်ပြီး ကမ္ဘာ့အဆင့် သက်မှတ်ချက် ၈၃ ဒသမ ၇ မှတ် ရရှိသည်။ မြန်မာနိုင်ငံကော်ဖီအား ဂျပန်၊ ကိုရီးယားနိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ထံမှ သိရှိရသည်။



ကော်ဖီထုတ်လုပ်ရာတွင် အခြောက်နည်း (dry method)၊ အစိုနည်း (wet method) နှစ်မျိုးရှိပါသည်။ အခြောက်နည်းမှာ ကော်ဖီသီးလုံးအမှည့်များအား ခူးဆွတ်ပြီး အခြောက်လှမ်းကာ ထုတ်လုပ်သောနည်း၊ ဒေသတွင်း မိရိုးဖလာနည်းဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ အစိုနည်းမှာ ချယ်ရီရောင်ရှိသော အသီးမှည့်များသာ ရွေးချယ်ခူးဆွတ်ပြီး အခွံချွတ်စက်ဖြင့် အခွံချွတ်ကာ ရေဆေး၊ အခြောက်လှန်းရသောနည်းဖြစ်သည်။ အစိုနည်းဖြင့် ထုတ်လုပ်ခြင်းဖြင့် အရည်အသွေး ကောင်းမွန်ပြီး ကမ္ဘာ့အဆင့်အတန်းမီကာ ဈေးနှုန်းပိုရကြောင်း သိရသည်။

**ဒေသဖွံ့ဖြိုးရေးလှူဒါန်း**

ဦးငွေထွန်း ဉာဏ်ကြီးရှင် (Genus) ရှမ်းတောင်မြင့် ကော်ဖီသည် ရွာငံကော်ဖီ အဆင့်အတန်းမီ စိုက်ပျိုးထုတ်လုပ်တတ်စေရန်နှင့် ဈေးကွက်ရရှိစေရန် ဦးဆောင်ဦးရွက်ပြုလုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ဉာဏ်ကြီးရှင်ကော်ဖီသည် အစိုနည်းအသုံးပြု ထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပဈေးကွက်သို့ ထိုးဖောက်လျက်ရှိသည်။ ဉာဏ်ကြီးရှင်ကော်ဖီသည် စနစ်ကျသော ကော်ဖီရွေးချယ်မှုစနစ်၊ ချယ်ရီရောင်အသီးစို အမှည့်များကိုသာ ခွဲထုတ်ကြိတ်ခွဲခြင်း၊ ရေစိုနည်းဖြင့် ကော်ဖီခွံများ ရွေးထုတ်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်လျက်သည်။ ကော်ဖီစိုက်ခင်း ခူးဆွတ်ရာနေရာမှ လှော်သည့်အထိ မြေဩဇာ၊ ပိုးသတ်ဆေး၊ ဓာတုဆေးဝါးများ၊ အရောင်တင်ဆေးများ လုံးဝသုံးစွဲထားခြင်းမရှိဘဲ သဘာဝအတိုင်းရရှိသည့်ကော်ဖီကိုသာ သုံးစွဲထားပါသည်။ နိုင်ငံတကာအသိအမှတ်ပြု ဩဂဲနစ်လက်မှတ် ရရှိထားပြီးဖြစ်သည်။ ရောင်းချရရှိသည့် ကော်ဖီတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဓနုတိုင်းရင်းသားဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လှူဒါန်းလျက်ရှိသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း**

ကော်ဖီပင်အားစိုက်ပျိုးရာတွင် အရိပ်ရပင်များ လိုအပ်ပါသည်။ ရွာငံမြို့နယ်တွင် အိမ်ခြံဥယျာဉ်အတွင်း တညင်းပင်၊ ထောပတ်ပင်၊ ပိန္နဲပင်၊ ခါတော်မီပင်စသည် အရိပ်ရပင်များ အောက်တွင် စိုက်ပျိုးကြသည်။ ကော်ဖီ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်တောတောင်ရေမြေ ထိန်းသိမ်းရာ ရောက်သည့်အပြင် နှစ်စဉ်ဝင်ငွေပုံမှန် ရရှိနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်ပါသည်။

ထို့အတွက်ကြောင့် ကော်ဖီစိုက်တောင်သူများ ကမ္ဘာ့အဆင့်အတန်းမီ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်စေရန်အတွက်လည်းကောင်း နည်းပညာ၊ စက်ကိရိယာ၊ ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## သန့်ရှင်းသောသောက်သုံးရေရရှိရန် စက်ရေတွင်းတူးဖော်

**ရွှေဘို ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် မအူကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် Technician Five Sisters ကုမ္ပဏီက လေးလက်မ စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရေတွင်း တူးဖော်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၄) ဦးကြည်သာထွန်းတို့က ဇန်နဝါရီ ၆ ရက်က သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် လုပ်ငန်း အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် စစ်ဆေးခဲ့သည်။ ထိုနောက် ကျေးရွာရေပေးဝေရေး ကော်မတီများနှင့် တွေ့ဆုံပြီး စက်ရေတွင်းမှ ရေကို ရေရှည်သုံးစွဲနိုင်ရန်အတွက် စနစ်တကျ ထိန်းသိမ်းသွားကြရန် ဆွေးနွေးခဲ့သည်။

မအူကျေးရွာသည် အိမ်ခြေ ၁၃၈ အိမ်၊ လူဦးရေ ၅၆၂ ဦးရှိပြီး ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများမှာ ဧရာဝတီမြစ်ရေကို သောက်သုံးနေကြောင်း သိရသည်။ **(ခင်ဦးစိုးဝေ)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဘူဒမ်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု

**မချမ်းဘော ဇန်နဝါရီ ၉**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ကချင်ပြည်နယ် မချမ်းဘောမြို့နယ် အင်ဘူဒမ်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း (နှစ်မိုင်) လုပ်ငန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅ သန်းဖြင့် မချမ်းခကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းသူနှင့် ရုံးဝန်ထမ်းများသည် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အင်ဘူဒမ်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက လူဦးရေ ၄၇၃ ဦး အတွက် သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ပို့ကုန်ဦးဆောင်သည့်တိုးတက်မှုပုံစံ (Export Led Growth Model - ELG) စတင်ဖော်ဆောင်ရေး (ယမန်နေ့မှအဆက်)

ဒေါက်တာမောင်အောင်

ထို့အတူ အစိုးရအနေဖြင့် လက်ရှိပို့ကုန်မြှင့်တင်ရေးနှင့် ပို့ကုန်အသစ်များ ပေါ်ထွန်းရေးအတွက် ထိရောက်စွာ တွန်းအားပေးသည့်ဥပဒေများ (effective legal sup-ports) အဆောက်အအုံဆိုင်ရာ ပံ့ပိုးမှုများ၊ လက်တွေ့ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်မည့် အဖွဲ့အစည်းများ စသည့် နည်းလမ်းပေါင်းစုံဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေး လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် ပို့ကုန်ဦးစားပေး ထပ်ဆင့် ပြုပြင်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပေါ်လစီ၊ စက်မှုထုထောင်ရေးပေါ်လစီနှင့် ကုန်သွယ်မှုပေါ်လစီတို့ အပြန်အလှန် ပူးပေါင်း ဆက်စပ် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့အတူ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့်လည်း ပို့ကုန်တိုးမြှင့်နိုင်ရေးမူဝါဒ လက်ကိုင်ထားဆောင်ရွက်ရန် လိုပေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဘက်မှလည်း ပို့ကုန်အမယ်အရာနှင့် ဈေးကွက်ပိုမိုရရှိရေးအတွက် စွမ်းဆောင်ရည်ရှိသည့် ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာစေရန် နိုင်ငံတကာနှင့် ပြည်တွင်း အရည်အသွေး စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ၊ လေ့လာရေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ရန် လိုသလို ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာ ဈေးကွက်ရှာဖွေရေး လုပ်ငန်းများ၊ မြန်မာ့ထုတ်ကုန် ကမ္ဘာသိအောင်ကြော်ငြာခြင်း (marketing) စသည်တို့ကိုလည်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။ အရေးကြီးဆုံးမှာ အစိုးရအနေဖြင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်အတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းကိုမူ မဖြစ်မနေ ကြိုတင်စီမံထားရမည်ဖြစ်သည်။

ELG ပုံစံအကောင်အထည်ဖော်ပြီး စီးပွားရေးတိုးတက်မှုရရှိခဲ့သောနိုင်ငံများ၏ အတွေ့အကြုံများအရ အထက်ဖော်ပြပါ အဓိကလိုအပ်ချက်များကို လိုက်နာအကောင်အထည်ဖော်ခဲ့ပြီး လက်တွေ့လုပ်ဆောင်ရာတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဇောင်းပေးဖော်ဆောင်မှုမတူညီပေ။ ဆိုလိုသည်မှာ ELG ပုံစံ အကောင်အထည်ဖော်နိုင်ရေး နည်းလမ်းများ ပုံသေသတ်မှတ်မထားဘဲ ကမ္ဘာ့စီးပွားရေးအခြေအနေ၊ နိုင်ငံတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များအပေါ် မူတည်ပြီး သင့်လျော်သည့် ELG ပုံစံကို အကောင်အထည် ဖော်ခဲ့ခြင်းပင်ဖြစ်သည်။ အရှယ်အစားနှင့်လူဦးရေကြီးမားသည့် တရုတ်နိုင်ငံတွင် ELG အောင်မြင်ခဲ့သလို သေးငယ်သည့် စင်ကာပူနိုင်ငံသည်လည်း ELG အောင်မြင်ခဲ့သည်။ ထို့ပြင် အဆိုပါနိုင်ငံများ၏ အတွေ့အကြုံအရ ELG ပုံစံ အကောင်အထည်မဖော်မီ ပို့ကုန်ကဏ္ဍ မဖွံ့ဖြိုးသလို ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများလည်း မထွန်းကားမှုကြောင့် တိုင်းပြည်စီးပွားရေး နိမ့်ကျသည့်အခြေအနေမှ လွတ်မြောက်စေရန် ELG ပုံစံကို စတင်လုပ်ဆောင်ခဲ့မှုမှတစ်ဆင့် တိုးတက်လာခဲ့ကြသည်။

## မြန်မာနိုင်ငံအတွက် ELG ပုံစံ

လက်ရှိအခြေအနေတွင် မြန်မာ့ပို့ကုန်ကဏ္ဍတွင် သိသာသည့်တိုးတက်မှု မရှိသေးသည်မှာ သဘာဝဘေးများကြောင့် လယ်ယာနှင့် အခြေခံကုန်စည်ပို့ကုန်များ လျော့နည်းခြင်း၊ သစ်ထုတ်လုပ်မှု ယာယီပိတ်ထားခြင်း၊ အဓိကအားထားရသည့် တရုတ်နိုင်ငံ နယ်စပ်ထွက်ပေါက်များတွင် မတည်ငြိမ်မှုများကြောင့် ပိတ်ထားသည့်ကာလများရှိခဲ့ခြင်း စသည့်အကြောင်းများကြောင့်လည်းဖြစ်သည်။ ထို့ပြင် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက်များခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေဘတ်ဂျတ် ဆက်တိုက်ကြုံနေရမှုကြောင့် ဒေါ်လာဈေးတက်မှုနှင့် သွင်းကုန်များ ဈေးတက်လာမှုမှတစ်ဆင့်ပြည်တွင်း ကုန်ဈေးနှုန်းများတက်နေသည်ဟု အချို့ကဆိုကြသည်။ ကုန်သွယ်မှုလိုငွေပြနေမှုကို ဖြေရှင်းနိုင်ရေး မြန်မာ့ပို့ကုန်များ သိသိသာသာတိုးတက်စေရန် လုပ်ဆောင်မည် (သို့မဟုတ်) သွင်းကုန်များ ပို့ကုန်ထက် မကျော်အောင်ကန့်သတ်မည် စသည့်နည်းလမ်းနှစ်ခုအနက် တစ်ခုကိုရွေးရမည်ဖြစ်သည်။ တပ်မတော်အစိုးရလက်ထက် လိုငွေကုန်သွယ်မှုရှင်းတမ်းမဖြစ်ပေါ်စေရန် ပို့ကုန်ပထမ (export first) ပေါ်လစီကိုသုံးခဲ့ပြီး ပို့ကုန်ကသွင်းကုန်ထက် အစဉ်အမြဲများစေခဲ့မှုကြောင့် ပိုငွေပြကုန်သွယ်မှုရှင်းတမ်းဖြစ်စေခဲ့သည်။ သို့သော် တိုင်းပြည်စီးပွားရေးတိုးတက်မှုဖော်ဆောင်နိုင်ခြင်းမရှိပေ။ ဆိုလိုသည်မှာ သွင်းကုန်ကိုကန့်သတ်သော နည်းလမ်းများဖြင့် ပို့ကုန်များရန် မကြိုးစားသင့်ဘဲ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုကို ဇောင်းပေးလုပ်ဆောင်မှသာ ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ ELG ကို အကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

## ELG အတွက် အခြေအနေကောင်းများ

ELG အကောင်အထည်ဖော်ရန်အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်သည့် မြန်မာ့ငွေကြေးတန်ဖိုး လျော့နည်းမှု တစ်နည်းအားဖြင့် ဒေါ်လာငွေတန်ဖိုးမြင့်မှုတို့ ဖြစ်ပေါ်နေခြင်းသည် ELG အတွက် အခြေအနေကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် လက်ငင်းကာလများအတွင်း ပြည်တွင်းနှင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတို့မှာလည်း GDP ၏ (၃၀ ရာခိုင်နှုန်း) ဝန်းကျင်ရှိလာနေပြီဖြစ်သည်။ ယခင်အစိုးရလက်ထက်မှစ၍ ရင်းနှီးကုန်စည်တင်သွင်းခြင်းကို ဦးစားပေးခဲ့သည့်အတွက် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက်ပိုများခဲ့ပြီး လိုငွေပြကုန်သွယ်မှုရှင်းတမ်းအထိ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ သို့သော် သွင်းကုန်အမျိုးအစားအလိုက် ခွဲခြားကြည့်လျှင် ရင်းနှီးကုန်စည်များ၊ လုပ်ငန်းသုံးကုန်ကြမ်းများနှင့် လူသုံးကုန်စည်များဟူ၍ ရှိသည့်အနက် ထက်ဝက်နီးပါးမှာ ရင်းနှီးကုန်စည်များသာဖြစ်သောကြောင့် ရေရှည်တိုးတက်မှုအတွက် များစွာအထောက်အကူပြုသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းများ၊ စက်မှုဇုန်များ၊ ဟိုတယ်လုပ်ငန်းများ၊ ဆက်သွယ်ရေးအခြေပြုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်ထိန်းလုပ်သားများစသည်တို့ တိုးတက်လာပြီဖြစ်သည်။ ဆိုလိုသည်မှာ ရင်းနှီးကုန်စည်ပိုမိုတင်သွင်းထားမှုသည် ပို့ကုန်ဦးစားပေး လုပ်ငန်းများထူထောင်ရန် အခြေအနေကောင်းတစ်ရပ်ပင်ဖြစ်သည်။

## ELG အောင်မြင်ရန် လိုအပ်သည့်တွန်းအားများ

နိုင်ငံတော်မှ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလုပ်ဆောင်ပေးရမည့်အချက်များအနက် အရေးကြီးဆုံးမှာ ဥပဒေပြဋ္ဌာန်းပေးခြင်း (legal framework) ပင်ဖြစ်သည်။ ပို့ကုန်များ တန်ဖိုးသိသိသာသာတိုးတက်လာစေရန် တန်ဖိုးမြင့်ပို့ကုန်ဥပဒေ (သို့မဟုတ်) ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး လုပ်ငန်းရှင်များ တန်ဖိုးမြင့်လုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် အခွန်သက်သာခွင့်နှင့် ကင်းလွတ်မှု၊ အထူးချေးငွေ ပံ့ပိုးမှုနှင့်အခြားအဆောက်အအုံဆိုင်ရာ အထောက်အပံ့များ ပါဝင်ရမည်ဖြစ်သည်။ အခြား ELG အောင်မြင်ခဲ့သည့်နိုင်ငံများ ဥပဒေအရ တွန်းအားသည် အရေးပါကြောင်းတွေ့ရသည်။

တစ်ဆက်တည်းမှာပင် ပို့ကုန်မြှင့်တင်ရန် အခက်အခဲတစ်ရပ်ဖြစ်သည့် ကုန်သွယ်မှုဘဏ္ဍာငွေ ထောက်ပံ့မှု (trade financing) လုပ်ဆောင်ရန်ဖြစ်သည်။ ယခုအခါ ကဏ္ဍတိုင်းတွင် သက်ဆိုင်ရာဘဏ် အသီးသီးရှိကြသော်လည်း ကုန်သွယ်ရေးအတွက် သီးခြားဘဏ် (သို့မဟုတ်) ပို့ကုန်သွင်းကုန်ဘဏ် (export import bank) မရှိသေး၍ ကုန်သည်များအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာ ဘဏ္ဍာငွေပံ့ပိုးမှုများ ထိထိရောက်ရောက်မလုပ်ဆောင်နိုင်သေးပေ။ ယခုအခါ အချို့ဘဏ်များ trade financing လုပ်သော်လည်း အထူးအစီအစဉ်အဖြစ် လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။ ဆိုလိုသည်မှာ ELG အောင်မြင်ရန် ပို့ကုန်သွင်းကုန်ဘဏ် မဖြစ်မနေ ထူထောင်ရမည်ဖြစ်ပြီး အထူးချေးငွေများအဖြစ် ပို့ကုန်လုပ်ငန်းရှင်များကို ပံ့ပိုးပေးရမည်ဖြစ်သည်။

ထို့အတူ မဖြစ်မနေလုပ်ဆောင်ရမည့်အချက်မှာ မြန်မာ့ပို့ကုန်များ တိုးချဲ့နိုင်ရေး၊ ဈေးကွက်ကောင်းများ ရယူထိန်းသိမ်းနိုင်ရေးနှင့် ဈေးကွက်သစ်များ ထိုးဖောက်နိုင်ရေးတို့အတွက် ပို့ကုန်များ၏ အရည်အသွေး၊ စံချိန်စံညွှန်းမြှင့်တင်နိုင်ရေး အထူးအရေးကြီးနေပြီဖြစ်သည်။ ဆိုလိုသည်မှာ ယနေ့အထိ မြန်မာ့ပို့ကုန်ဈေးကွက်သည် ဝယ်ယူဈေးကွက် (buyer market) သာဖြစ်နေသေးပြီး ရောင်းသူဈေးကွက် (seller market) မလုပ်ဆောင်နိုင်ရခြင်းမှာ အရည်အသွေးနှင့် စံချိန်စံညွှန်း အာမ မခံနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့အတွက် ဝယ်သူများက စိတ်ကြိုက်ဈေးပေးကာ ရောင်းချနေရဆဲဖြစ်သည်။ အထူးသဖြင့် လယ်ယာထုတ်ကုန်များအတွက် အရည်အသွေး စံချိန်စံညွှန်း အာမခံနိုင်ရန် အပြည်ပြည်ဆိုင်ရာကုန်စည်ဒိုင်ကြီးများ ထူထောင်ရန် အထူးလိုအပ်နေပြီဖြစ်သည်။ သို့မှသာ ကုန်စည်ဒိုင်ကြီးများအနေဖြင့် အရည်အသွေး စံချိန်စံညွှန်းဖြင့် ကုန်စည်များကို စိစစ်လက်ခံထားခြင်းဖြင့် အရည်အသွေး အာမခံနိုင်သလို ကုန်စည်ပမာဏကို အလုံးအရင်းဖြင့် ရောင်းချနိုင်သည့်အတွက် ပြိုင်ဆိုင်မှုအားနှင့် ဈေးကွက်တိုးပေါက်နိုင်အား ပိုမိုကောင်းလာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ကုန်စည်များ လာရောက်အပ်နှံသည့် လယ်သမားဖြစ်စေ၊ ကုန်သည်ကိုဖြစ်စေ ကုန်စည်အာမခံချေးငွေထုတ်ချေးနိုင်ခြင်းကြောင့် လယ်သမားနှင့် ကုန်သည်များအတွက် ချေးငွေအထောက်အပံ့ရရှိနိုင်မည်ဖြစ်သည်။ စံချိန်မီလယ်ယာပို့ကုန်များကို အရေအတွက်များစွာဖြင့် ရောင်းချရာတွင် နိုင်ငံတကာကဲ့သို့ e-trading စနစ်ဖြင့် မြင်သာထင်သာရှိသလို ပို့ကုန်ရငွေများ ပြည်တွင်းသို့ အမြန်ဆုံးစီးဝင်နိုင်ပြီး သတ်မှတ်အခွန်အခများလည်း ပြည့်ပြည့်ဝဝ ရရှိမည်ဖြစ်သည်။ အဓိကလယ်ယာကုန်စည်များအတွက် အမျိုးအစားများအလိုက် ကုန်စည်ဒိုင်ကြီးများ ထူထောင်ရတော့မည်ဖြစ်သည်။

ပို့ကုန်တိုးတက်ဖွံ့ဖြိုးရေးဟုဆိုလျှင် မြန်မာ့ပို့ကုန်များ အရေအတွက်အားဖြင့်လည်းကောင်း၊ အရည်အသွေးအားဖြင့်လည်းကောင်း အဘက်ဘက်မှ တိုးတက်ရမည်ဖြစ်သလို အဓိကအစဉ်အလာအရ လုပ်ဆောင်နေသည့် ပို့ကုန်ပုံစံ (export pattern) ကို အခြေခံကုန်စည်ပို့ကုန်များမှ တန်ဖိုးမြှင့်ပို့ကုန်များအဖြစ်သို့ ပြောင်းလဲနိုင်မှသာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အောက်ရှိ International Trade Center ITC ၏ နည်းပညာအကူအညီဖြင့် ၂၀၁၅ ခုနှစ်တွင် ရေးဆွဲပြီးစီးခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy - NES) ယခုအခါ စတင်အကောင်အထည်ဖော်နေသော်လည်း ယခုထက် ပိုမိုအားစိုက်တွန်းအားပေးဆောင်ရွက်ရန်လိုပေသည်။ NES တွင် အဓိကကုန်၏ ပို့ကုန်ခြောက်မျိုးနှင့် ဝန်ဆောင်မှုပို့ကုန် (ခရီးသွားလုပ်ငန်း) တို့ပါဝင်ပြီး ၎င်းတို့ကိုအထောက်အပံ့ပြုမည့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုဘဏ္ဍာငွေပံ့ပိုးခြင်း (Trade Financing)၊ အရည်အသွေးနှင့် စံချိန်စံညွှန်း၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးနှင့် သတင်းအချက်အလက်စသည်တို့ အကျုံးဝင်ပြီး တစ်ခုချင်းစီအတွက် လုပ်ဆောင်ရမည့် အသေးစိတ်လုပ်ငန်း စီမံချက်များပါဝင်သည့်အတွက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြမြေပုံဟုပင်ဆိုနိုင်သည်။ ယခုအခါ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းတစ်ရပ် (MYANTRADE) ထူထောင်ထားပြီးဖြစ်သော်လည်း လိုအပ်ချက်များစွာရှိနေဆဲဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေး ထိထိရောက်ရောက်ပြုလုပ်နိုင်ရန် သီးခြားလွတ်လပ်သည့် (MYANTRADE) ကို စီးပွားရေးမြို့တော်တွင် အခြေပြုတည်ထောင်ကာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ဖြည့်စွမ်းပေးသည့် (all in one) အဖွဲ့အစည်းမျိုးထူထောင်ရန် လိုပေသည်။ ဆိုလိုသည်မှာ တစ်နေရာတည်းတွင် မြန်မာ့ပို့ကုန်အားလုံး ပြသထားသလို နိုင်ငံတကာ ကုန်စည်ပြပွဲများအတွက် ခင်းကျင်းပြသအောင် (exibition hall)၊ နိုင်ငံတကာဈေးကွက်များ၏ စံချိန်စံညွှန်းများ၊ ဈေးကွက်သတင်းအချက်များ၊ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် သတင်းအချက်အလက်များ၊ business mathing အစီအစဉ်မှစပြီး အားလုံး ပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် ပို့ကုန်ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်အချက်မှာ နိုင်ငံတကာအဓိကဈေးကွက်အသီးသီးတို့တွင် ပို့ကုန်မြှင့်တင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သည့် အေးဂျင့်များ၊ ဈေးကွက်သုတေသန လုပ်ဆောင်ရမည့်ဝန်ထမ်းများ တိုးချဲ့ရန်လိုအပ်ပေသည်။ ယခုအခါ နိုင်ငံကိုးနိုင်ငံတွင် စီးပွားရေးသံမှူးများ ခန့်အပ်ထားပြီး လုပ်ဆောင်နေသော်လည်း ဖြစ်နိုင်လျှင် MYANTRADE ရုံးများဖွင့်လှစ်ရန် ကြိုးစားရမည်ဖြစ်သည်။

## နိုင်ငံတကာစီးပွားရေးလုပ်ငန်းကျွမ်းကျင်သူများပိုမိုထွန်းကားလာရေး

နိုင်ငံတော်အပိုင်းမှ မည်မျှတွန်းအားပေးလုပ်ဆောင်နေစေကာမူ စီးပွားရေးကိုလက်တွေ့အကောင် အထည်ဖော်မည့် လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်အားနည်းလျှင် ECG ပုံစံ အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ တစ်ကမ္ဘာလုံးနှင့်ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ ထိရောက်စွာလုပ်ကိုင်နိုင်သည့် လုပ်ငန်းရှင်နှင့် ပြည်သူများလေ တိုးတက်မှုဖော်ဆောင်နိုင်လေပင်ဖြစ်သည်။ ယနေ့ခေတ်စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူတိုင်း မဖြစ်မနေတတ်ရမည်မှာ နိုင်ငံတကာကုန်သွယ်မှုပင်ဖြစ်သည်။ ကုန်သွယ်မှုဟုပြောလျှင် ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုကုန်သွယ်မှုကိုပါ တတ်ကျွမ်းရမည်ဖြစ်သည်။ ယနေ့ကုန်သွယ်မှုနှင့် GDP အချိုးတွင် အများဆုံးဖြစ်သည့် စင်ကာပူဆိုလျှင် ကုန်စည်ပို့ကုန်များအပြင် တစ်ဆင့်ခံပို့ကုန်၊ ပြန်လည်ပို့ကုန်စသည်တို့အပြင် ဝန်ဆောင်မှုပို့ကုန်အမျိုးမျိုး ဖြစ်ထွန်းနေသည့်အတွက်လည်း ဖွံ့ဖြိုးမှုအဆင့်မြင့်နေခြင်းဖြစ်သလို စင်ကာပူတွင် အခြေချလုပ်ကိုင်သည့်သူများ၏ စွမ်းဆောင်ရည်မြင့်မားမှုကိုလည်း ဖော်ပြနေပေသည်။

ယခုအခါ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုပြန်လည်ကင်းလွတ်လာသည့်အပြင် EU၊ ဂျပန်၊ ကနေဒါ၊ ဩစတြေးလျ၊ တရုတ်စသည့် ကုန်သွယ်မှု အထူးအခွင့်အရေးများလည်း ရရှိနေပြီဖြစ်သည်။ သို့သော် မြန်မာ့ပို့ကုန်များ မျှော်မှန်းသလောက် တက်မလာသလို အချို့ပို့ကုန်ကုန်စည်အမယ်အရာများ လုံးဝတင်ပို့နိုင်ခြင်း မရှိသေးသည်ကိုလည်း တွေ့ရသည်။ အဓိကအားနည်းချက်မှာ အဆိုပါနိုင်ငံများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းများ မီအောင်မလုပ်ဆောင်နိုင်ခြင်းက ကုန်သွယ်မှုအထူးအခွင့်အရေးများ လက်လွတ်ဆုံးရှုံးနေရခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်သည် ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် လုပ်ငန်းရှင်တိုင်း အရည်အသွေးမြင့်မားမှုကို အလေးထားရမည်ဖြစ်သလို တစ်နပ်စားဉာဏ်ဖြင့် အလေးချိန်တိုးစေရန် လုပ်ဆောင်မှုများ၊ အရောင်ဆိုးမှုများ အထူးရှောင်ရှားရမည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်များတွင် မြန်မာ့ပို့ကုန်များ နာမည်ကောင်းရရှိစေရန် လုပ်ငန်းရှင်တိုင်း စီးပွားရေးကျင့်ဝတ် (business ethic) သာမကဘဲ လူ့အသိုင်းအဝန်းကျင့်ဝတ် (community ethic) ကိုပါ လိုက်နာရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကုန်သည်တစ်ဦး၏ လုပ်ဆောင်ချက်သည် တိုင်းပြည်ဂုဏ်သိက္ခာ (image) ကိုပါ ထိခိုက်နိုင်သည့်အတွက် အထူးအရေးကြီးပေသည်။ ယနေ့မြန်မာ့ပို့ကုန်များ ရေရှည်တည်တံ့သည့်ဈေးကွက်များ မထိန်းသိမ်းနိုင်ခြင်းမှာ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းမှုများကြောင့်ဖြစ်သည်။ လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် တစ်ကမ္ဘာလုံးနှင့် စီးပွားရေးပေါင်းစည်းမှု မြှင့်တင်နေသည့်အချိန်တွင် နိုင်ငံတကာစံချိန်စံညွှန်းများကို အတတ်နိုင်ဆုံးလိုက်နာပြီး တစ်ဖက်တွင်လည်း မိမိတို့၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရန် အစဉ်နှလုံးသွင်း ကြိုးစားလေ့လာမှသာ ပွင့်လင်းလာသည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ လက်ရှိကုန်သွယ်ရေးနှင့် နိုင်ငံတကာစီးပွားရေးအခွင့်အလမ်းများ သိအောင်ရှာဖွေပြီး လက်တွေ့အသုံးချနိုင်ရန်နှင့် နောက်ဆုံးဖြစ်ပေါ်နေသည့် သတင်းအချက်များကို သိအောင်လုပ်ပြီး အကောင်းဆုံးအသုံးချနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ELG ပုံစံအောင်မြင်ရေးအတွက်မူ စွမ်းဆောင်ရည်ပြည့်ဝသည့် လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်နေ့တခြား တိုးပွားလာမှသာ တိုးတက်မှုကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့မြန်မာ့စီးပွားရေး တုံ့ဆိုင်းနေသည့်အခြေအနေမှ အမြန်ဆုံးလွတ်မြောက်ပြီး စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ ELG စတင်အကောင်အထည်ဖော်ဆောင်သင့်ပေသည်။ ။

> ကမ္ဘာ့ဈေးကွက်သည် ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် လုပ်ငန်းရှင်တိုင်း အရည်အသွေး မြင့်မားမှုကို အလေးထားရမည်ဖြစ်သလို တစ်နပ်စားဉာဏ်ဖြင့် အလေးချိန်တိုးစေရန် လုပ်ဆောင်မှုများ၊ အရောင်ဆိုးမှုများ အထူးရှောင်ရှား...

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

( ခ ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ)။

(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်)။

(၃) **ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု/အနုပညာ)များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၄) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ)။

(၅) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(၆) **ဥပဒေဘွဲ့**

(၇) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ ဝါဏိဇ္ဇ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ)။ စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ၊ အသုံးချစာရင်းအင်းပညာ၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)။

(၈) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ ဗိသုကာ)။

(၉) **တိရစ္ဆာန်ဆေးပညာဘွဲ့**

( င ) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

( စ ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၇ဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် **သီဟသုဓမ္မသိင်္ဂီ ဒေါ်ချိုသာခင်**၏ မိခင်ဖြစ်သူ **ဒေါ်ကြည်ခင်အား** သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်** ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**သုဓမ္မမဏိဇောတဓရ ဦးသန်းဝင်း-သုဓမ္မသိင်္ဂီ ဒေါ်မြမြဝင်း**
**အဘိဓမ္မဓရ၊ သုဓမ္မမဏိဇောတဓရ ဦးမျိုးဆက်၊**
**မသီသီမြ(စိမ်းလန်းမြေမိသားစု)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား၏ (၁၁၆)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အစဉ်အလာမပျက် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်(အင်္ဂါနေ့)မှ ၁၄-၁-၂၀၁၇ရက် (စနေနေ့) အထိ (၅)ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ(၁၀၈)ပါးနှင့် သီလရှင်အပါး(၉၀)တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲငွေပဒေသာပင်များ ဆက်ကပ်လောင်းလှူပွဲကို စည်ကား သိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်း ကုသိုလ်ပြုလိုသူ ဓမ္မမိတ်ဆွေများအနေဖြင့် ငါးထပ်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ရုံး (ဖုန်း-၀၁-၅၄၂၁၇၇နှင့် ၀၉-၃၂၂၁၄၀၉၆)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်မြေတိုင်းရပ်ကွက်အမှတ် ၁၂/အေ၊ မြေကွက်အမှတ် ၂၅၂၊ မြေကွက်တည်နေရာအမှတ် ၃၈၊ သိရိလမ်း၊ (၂)ရပ်ကွက်၊ ဒေါ်တင်မြိုင် အမည်ပေါက် အနှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဒေါ်တင်မြိုင်(ခ)နီးကွယ်လွန်သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးစိုးမြင့်(၁၂/လမန(နိုင်)၀ရရ၀ရရ)မှတစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်ဖြင့် သေတမ်းစာ၊ ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားလျှောက်ဆိုရန် မြေပုံကူးလျှောက် ထား၍ လာရောက် အဆိုပြုလိုသော အထောက်အထားများဖြင့်၍ကြော်ငြာပါသည်။ နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း၊ နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၇ဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် **သဒ္ဓမ္မဇောတိကဓဇ၊ သုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာလှဝင်းအောင်** အား **သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** ထပ်ဆင့်ချီးမြှင့်ခြင်းခံရသောကြောင့် မိသားစုနှင့်အတူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**သုဓမ္မမဏိဇောတဓရ ဦးသန်းဝင်း-သုဓမ္မသိင်္ဂီ ဒေါ်မြမြဝင်း**
**အဘိဓမ္မဓရ၊ သုဓမ္မမဏိဇောတဓရ ဦးမျိုးဆက်၊**
**မသီသီမြ(စိမ်းလန်းမြေမိသားစု)**

## ဆိပ်ကြီးခနောင်တို အထကမြတ်ဆရာပူဇော်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အထက၏ (၁၃)ကြိမ်မြောက် အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အဆိုပါကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး/ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဦးဝင်းကြိုင် ဖုန်း-၀၉-၂၅၀၁၆၂၉၇၃၊ ဦးအုန်းသန်း ဖုန်း-၀၉-၂၅၀၀၃၉၇၀၃၊ ဒေါ်သီတာမြင့် ဖုန်း-၀၉-၇၃၁၂၇၂၁၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၇၈၀၉၉၉၉၄၆၆၊ ဦးအေးမြင့် ဖုန်း-၀၉-၄၃၁၅၂၃၃၄၊ ဦးလှဝင်း(သမားတော်)ဖုန်း-၀၉-၂၅၄၂၆၇၁၂၂၊ ဦးဇော်လွင်မြင့် ဖုန်း-၀၉-၅၁၄၃၁၈၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၂၂၁၅၉၆၊ ဦးကျော်ဇင်ချစ် ဖုန်း-၀၉-၅၁၃၆၃၈၅သို့ ဆက်သွယ်နိုင်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

မွေးရပ်မြေ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်(၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်သို့ သွားရောက်လှူဒါန်းပူဇော်ပါမည်။ ဖေဖော်ဝါရီလ ၈ရက်တွင် ရန်ကုန်မှထွက်၍ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကန့်ဘလူမြို့မှ ပြန်လည်ထွက်ခွာကာ ၁၄ရက်တွင် ရန်ကုန်သို့ ပြန်ရောက်ပါမည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအလှူ၊ ဘိုးဘွားရိပ်သာအလှူ၊ ခရီးဆောင်အိတ်အလှူများ လှူဒါန်းမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုသူများ လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ လိုက်ပါလိုသူများ ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် ၃၁ရက် နောက်ပိုင်းစာရင်းပေးသွင်းကြသူများအား အသင်းမှစီစဉ်ပေးမည်မဟုတ်ပါ။

**ဦးအောင်သိန်း** -၀၉-၄၃၂၀၂၂၁၁
**ဦးစိုးသူရ** -၀၉-၅၀၁၀၅၀၆
**ဒေါ်သန်းသန်းဝင်း** -၀၉-၅၀၅၁၉၉၁
**ဒေါ်ခင်သန်းညွန့်** -၀၉-၄၂၀၈၇၃၂၇

**အလုပ်အမှုဆောင်အဖွဲ့**




သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

## "ဆဋ္ဌမအကြိမ် ဂုရုပူဇာ"နှင့် "ကြခတ်ဝိုင်းဝံသသံဃာတော်များ တွေ့ဆုံပွဲ"

### ပင့်လျှောက်/ဖိတ်ကြားလွှာ

ဘဝနတ်ကျောင်း၊ ရွှေ့ပြောင်းစံနေတော်မူသည့် တပည့်များ၏ အနန္တကျေးဇူးရှင်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ တွဲဖက်ရွှေကျင်သာသနာပိုင် ကြခတ်ဝိုင်း ပဋ္ဌမဆရာတော် **ဘဒ္ဒန္တဇောတိပါလ မဟာထေရ်မြတ်ကြီး** ၏ ဂုဏ်တော်အဖုံဖုံကို အာရုံတန်းမှန်း လျှုဒါန်းပူဇော်သည့် (၆)နှစ်ပြည့် အထိမ်းအမှတ်ကျေးဇူးဆပ် **"ဆဋ္ဌမအကြိမ် ဂုရုပူဇာ"** အလှူတော်မင်္ဂလာသဘင်နှင့် **"ကြခတ်ဝိုင်း ဝံသသံဃာတော်များ တွေ့ဆုံပွဲ"**ကို (၁၃၇၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်) ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတိတိတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်ကြပါရန် ရပ်ဝေးရပ်နီးအသီးသီးရှိ ဆရာတော်ကြီး၏ တပည့်ကြခတ်ဝိုင်းဝံသ ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ပင့်လျှောက်/ဖိတ်ကြားပါသည်။

(ပင့်လျှောက်/ဖိတ်ကြားလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန်။

**ဂုရုပူဇာ ဖြစ်မြောက်ရေးကော်မတီ**
**ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။**


**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**သုံးရာသီ** ဝမ္မဒါန
မန္တလေး၊ ပေမြို့၊ စစ်ကိုင်း၊ မုံရွာ၊
(အလောင်းတော်ကဿပ) ထမင်းကျွေး(၅၀၀၀ိ/-)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမင်းကျွေး(၅၀၀၀ိ/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ ရွှေစက်တော်(၄)ရက် ထမင်းကျွေး(၃၀၀၀ိ/-)
ရွှေစက်တော်မှအပ Full Aircon ကားကြီးဖြင့် ကားအပြန့်အပြီးစင်းလုံးသွားသည်။ Jan-13,20
☎ 420144148, 421153797

**နန်းဦးလှိုင်** ရွှေစက်တော်ပွင့်ပွဲ 30-1-2017 ထွက်မည်။
● မြဝတီဘုရားဖူး။ မဲဆောက် နှင့် ဘားအံဂူ(၅)ဂူ (၃)ရက်။ ● ဆံတော်ရှင်ကျိုက်ထီးရိုးနှင့်ဘုရားစုံ(နေ့စဉ်)။
● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်– ဆက်၍ မြိတ်(ဘိတ်)ပါ (၇)ရက်။
● တောင်ကြီး၊ အင်းလေး၊ ဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကံ့လုံ၊ ကလောနီးဘုရား၊ မြင်းမထိဂူ (၄)ရက်– ဆက်၍ လှိုင်ကော်တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ထီးဆဲခါးရေတံခွန် (၅)ရက်။
● အလောင်းတော်ကဿပ၊ မန္တလေးဘုရားစုံဖူး။ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၅)ရက်။
● အလောင်းတော်ကဿပ၊ မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံဖူး၊ ကျောက်စိမ်းစေတီ (၃)ရက်။
● ပုဂံဘုရားစုံဖူး။ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။
● ရွှေစက်တော်၊ စဉ့်ကိုင်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေး(၃)ရက်။ အလောင်းတော်ကဿပ ပါ(၅)ရက်။
● ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး။ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၅)ရက်။ (အပတ်စဉ်–သောကြာ)
● ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ မန္တလေးဘုရားစုံ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ(၈)ရက်။
● ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းဂူ (၈)ရက်။ လှိုင်ကော်ပါ (၉)ရက်။
ဖုန်းဆက်သွယ်ရန်: 01-391577, သန်လျင် 056-21671, 09-254340569, တာမွေ 09-5122961

**မြန်မာမြတ်ချယ်ရီ** Travel & Tours 01-551240, 09-5003647
Package **တရုတ်နှစ်ကူး အထူးခရီးစဉ်များ**
➤ ဟန်ိုင်း–ဟာလောင်း–ဆာပါး (အထူးခရီးစဉ်) $ 475
EK ဖြင့် ရက်ပြည့်ခရီးစဉ်
➤ ဟန်ိုင်း–ဟာလောင်း–နင့်ဘင်း–Tam coc(၄)ရက် $ 495
EK- $ 495 / VN - $ 455
➤ ဗီယက်နမ်–ဟိုချီမင်း–မိုးနဲ့–ဒါလတ် (၅)ရက် $ 360
➤ စင်ကာပူ(၄)ရက် $ 599
ဇန်နဝါရီ 4,5,20,28 / ဖေဖော်ဝါရီ 10
အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်း၊ တာမွေ။ Fb: Myanmar Myat Cherry Travel & Tours

ဆရာဦးနိုင်ဝင်း(Creditမြန်မာစာ)၏ **အားသစ်** မူလတန်းပြဝင်ခွင့် PPTT(4)
ဇန်နဝါရီလ(၁၄) ရက်နေ့စမည်
စနေ+ တနင်္ဂနွေတန်းခွဲ၊ အင်္ဂါ+ ဗုဒ္ဓဟူး+ ကြာသပတေးကြားရက်ပုံမှန်တန်းခွဲများဖွင့်ပြီ
နေ့စဉ်တက်(၁၀)ရက်ပြတ်တန်းခွဲ [၁]
မတ်လ[၁] ရက်စမည်
၁၄၈ (၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 96 500 1599, 09 79 500 1599

**EML** ဝန်ထမ်းအလိုရှိပါသည်
ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်အား လေ့လာ၍ ကျွမ်းကျင်လိုသူများနှင့် အိမ်ခြံမြေလုပ်ငန်းအား ရေရှည်လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများ ရယူနိုင်ရန် အောက်ဖော်ပြပါ ရာထူးများ၌ လာရောက်လျှောက်ထားနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| 1. | Sales Agent | (4) Posts |
| 2. | Data Search Manager | (1) Post |
| 3. | Marketing Manager | (1) Post |
| 4. | IT Assistant Executive | (2) Posts |
| 5. | Customer Reations Assistant | (2) Posts |
| 6. | ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင် | (2) Posts |
| 7. | လုံခြုံရေး | (3) Posts |

**လျှောက်ထားလိုသူများသည်** မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ် (၈၂)၊ သံလွင်လမ်း၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph - 09-250 400 447၊ 09-250 400 448၊ 09-431 57 571

**Powertona® 3G**
Ginseng Garlic Ginkgo
60 Soft Caps
အသက်ကြီးလာတာနဲ့အမျှ မှတ်ဉာဏ်လျော့ပါးတာ၊ သွေးကြောတွေကျဉ်းပြီး မာလာတာ၊ သွေးတွင်းအဆီများလာတာ၊ အစာခြေနှစ်ယိုယွင်းလာတာတွေဖြစ်တတ်ပါတယ်။
နောက်ဆက်တွဲအနေနဲ့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါဆိုးတွေ ဖြစ်လာတတ်ပါတယ်။
Ginseng, Garlic, Ginkgo သုံးမျိုးရဲ့ ထူးခြားတဲ့ ပေါင်းစပ်မှုကြောင့် ပါဝါတိုနာ(3G) သည်ခွန်အားတိုးပွားစေပြီး လူကြီးရောဂါများကို တားဆီးနိုင်ပါသည်။
KOREA UNITED PHARM. INT'L JSC
• YANGON TEL : 01 203103, 0973083319, 09 977111546
• MANDALAY TEL : 09 2037314, 09 91012541
(၁) ဘူးတွင် ဆေးလုံး (၆၀) ပါဝင်သည်၊



လူကြီးရောဂါတွေ မဖြစ်စေဖို့...!
နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါများ မဖြစ်အောင် တားဆီးဖို့လိုပါတယ်။
ပါဝါတိုနာ 3G အားထားစရာ


## ❁ အထူးကျေးဇူးတင်ရှိခြင်း ❁

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့ မင်္ဂလာရှိသောအချိန်တွင် ကိုမင်းခန့်တည်ကြည်+မစုဝင့်ရည်တို့၏ သားဦးရတနာကို ရွှေလမင်းအထူးကုဆေးရုံကြီး(လမ်းမတော်)တွင် နာကျင်မှုကင်းမဲ့သော သဘာဝအတိုင်း မွေးဖွားမှုကုထုံးဖြင့် ဖွားမြင်ပေးပါသော တာဝန်ခံဆရာမကြီးနှင့် ရွှေလမင်းဆေးရုံမိသားစုအားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကိုမင်းခန့်တည်ကြည်+မစုဝင့်ရည်


Shwe La Min
**ရွှေလမင်းအထူးကုဆေးရုံကြီး**
(လမ်းမတော်)
*Your Hospital For Life*

နာကျင်မှုကင်းမဲ့သော သဘာဝအတိုင်းမွေးဖွားမှုကုထုံးဖြင့် ပထမဆုံးမွေးဖွားမှုကို (၁.၁.၂၀၁၇) ရက်နေ့တွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မွေးဖွားပေးခဲ့ပါသည်။

အမှတ်-(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ Hot Line: ၀၁-၂၃၀၁၉၄၉

# အထူးကြည်ညို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ လွတ်လပ်ရေးနေ့ အခါသမယတွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် နိုင်ငံတော်သမ္မတကြီးက

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကြီးကို
## သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ
## တွဲဘက် ရွှေကျင်သာသနာပိုင် ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင် ဉာဏိဿရ

ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့အတွက် အထူးပင်ကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည် အရှင်ဘုရား။
ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား အထူးပင် ကြည်ညိုလေးစားဦးထိပ်ပန်ဆင်လျက်
ဆရာတော်ကြီး အသက်ရာကျော်ရှည်ပါစေကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို အစွန့်ရှည်စွာ
ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်း အပ်ပါသည် ဘုရား။

ကျောင်းဒါယကာ၊ ဒါယိကာမများ
ဦးကိုကိုထွေး (လုမ္ဗာထူးချွန်ပထမဆင့်) + သီရိသုဓမ္မသိင်္ဂီဒေါ်အေးအေးသန်း
သမီးများ - ဒေါ်ဝတ်ရည်ထွေး၊ ဒေါ်သီရိထွေး
မြေးများ - မကေခိုင်မျိုး၊ မစုသက်မျိုး
တော်ဝင်မိသားစုကုမ္ပဏီ၊ ရန်ကုန်မြို့။

**အမှတ်၊၃၊ဒေသကောလိပ်၊ရန်ကုန်**
ရန်ကုန်တက္ကသိုလ်၊ကြည့်မြင်တိုင်နယ်မြေ၊
(၁၉၇၈ – ၁၉၈၈)
**ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍**
**ကျောင်းသား၊ကျောင်းသူဟောင်းများ ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်**
နေ့ရက် ။ ။ ၁၄၊၁၊၂၀၁၇ (စနေနေ့)
အချိန် ။ ။ မွန်းလွဲ ၂း၀၀ နာရီ
နေရာ ။ ။ စကားဖြူခန်းမ၊ ယခင်ဒေသကောလိပ် (၃)
ဆက်သွယ်ရန်
ကိုဘိုကြည်သောင်း ၀၉ ၄၃၁၀ ၁၅၃၂ ကိုခင်ဝင်း ၀၉ ၅၁၃ ၈၂၃၃ ကိုညီညီလွင် ၀၉ ၅၁၁ ၈၆၄၃
ကိုကွန်းဇော်ထွန်း ၀၉ ၄၅၉၃ ၅၄ ၃၉၃ ကိုခင်မောင်လွင်(ကြက်တော) ၀၉ ၅၀၀ ၄၁၈၉ မမိမိနိုင် ၀၉ ၄၂၀ ၀၃၀ ၄၃၅
Facebook Name- RC (3)

**လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်**
**ဆရာမိုး Follow Me Ph.D (USA) IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်**
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Jan 14 စမည်။
**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**
